# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 19 August 2022 ၁၀၈၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## YBS ခရီးသည်တင်ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံရန် ညွှန်ကြားထားမှု မရှိ



**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ခရီးသည်တင်ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံရန် YRTC မှ ညွှန်ကြားထားမှုမရှိကြောင်းနှင့် သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုကောက်ခံပါက YRTC Call Center သို့ တိကျသေချာစွာ တိုင်ကြားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

**ဖော်ထုတ်လျက်ရှိ**


"ယာဉ်စီးခနှုန်းထားနဲ့ပတ်သက်ပြီး YRTC က ဝန်ထမ်းတွေအနေနဲ့ ခရီးသည်အသွင်ယူ လိုက်ပါစီးနင်းပြီး သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံတာတွေကို ဖော်ထုတ်လျက်ရှိပါတယ်။ Call Center က တိုင်ကြားတာတွေရှိရင်လည်း သက်ဆိုင်ရာ ယာဉ်လိုင်းတာဝန်ရှိသူနဲ့ ယာဉ်မောင်းကိုခေါ်ယူပြီး ဒဏ်ရိုက်ပြစ်ဒဏ်၊ ခေါ်ယူသတိပေးပြစ်ဒဏ်၊ ယာဉ်မောင်းလိုင်စင်ပိတ်သိမ်း ပြစ်ဒဏ်စတဲ့ ဥပဒေပုဒ်မအလိုက် ပြဋ္ဌာန်းထားတဲ့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ■

**ယနေ့ ဖတ်စရာ**

### မြန်မာနိုင်ငံအတွင်း အပူချိန်လျော့နည်းလာမှုနှင့် နေပတ်လမ်းကြောင်းပေါ်မူတည်၍ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေ၊ နေလည်ပတ်မှုပုံစံ

ဆောင်းပါး စာမျက်နှာ » ၆




### ရေကြီးချိန်နှင့် ရေပြန်ကျချိန်တို့တွင် တွေ့ကြုံနိုင်သည့် ဓာတ်လိုက်မှုများ

ဆောင်းပါး စာမျက်နှာ » ၈

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ ရေရှားပါးမှုမဖြစ်ပေါ်စေရေး ၉၀ ရာခိုင်နှုန်းထိ ဆောင်ရွက်ပေးနိုင်

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ နွေရာသီကာလတွင် ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရေရရှိမှုမှာ ၉၀ ရာခိုင်နှုန်းထိ ရေလွှမ်းခြုံနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေး**

တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများကို ရေရှားပါးမှုမဖြစ်ပေါ်စေရန် ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ ကျေးရွာများ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာအုပ်စုပေါင်း ၁၅၄၄ အုပ်စု၊ ကျေးရွာပေါင်း ၄၉၅၉ ရွာ၊ အိမ်ခြေ ၈၀၄၀၀၀ ကျော်၊ လူဦးရေ ၃၉ သိန်းကျော် ရှိသည့်အနက်မှ ကျေးရွာပေါင်း ၂၇၈၅ ရွာ၊ အိမ်ခြေ ၅၂၃၄၀၀၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪




ကြေးမုံ

# နိုင်ငံအေးချမ်းသာယာရေး တက်ညီလက်ညီဆောင်ရွက်

"မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့သော အခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂)တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်ယူခဲ့သည့် တစ်နှစ်ခွဲကာလအတွင်း စိန်ခေါ်မှုနှင့် အခက်အခဲမျိုးစုံတို့ကို ကျော်ဖြတ်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအကျိုးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယခုလာမည့်ကာလအတွင်း၌လည်း နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး ပြန်လည်ဦးမော့လာအောင် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သိသာသောတိုးတက်မှုများ ဖြစ်ထွန်းလာစေရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်။ နိုင်ငံရေးနှင့်စီးပွားရေးသည် ဆက်စပ်လျက်ရှိသဖြင့် စီးပွားရေးဦးမော့လာပြီး နိုင်ငံရေး တည်ငြိမ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးကို အားလုံး တက်ညီလက်ညီ တွန်းအားပေးဆောင်ရွက်ကြပြီး အကြမ်းဖက်အဖျက်သမား ချုပ်ငြိမ်းသွားအောင် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်အညီ တိုက်ဖျက်နှိမ်နင်းနေသည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဒီမိုကရေစီနည်းလမ်းတကျ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ အကြမ်းဖက်နည်းလမ်းများကို ရွေးချယ်ဆောင်ရွက်ခဲ့သော အစွန်းရောက်နိုင်ငံရေးသမားများ၏ သွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးမှုများကြောင့် တစ်နှစ်ခွဲကျော်ကာလအတွင်း အပြစ်မဲ့ပြည်သူ ရဟန်းရှင်လူ ပြည်သူများနှင့် အများပြည်သူပိုင် အခြေခံအဆောက်အအုံအမြောက်အမြား ထိခိုက်ဆုံးရှုံးပျက်စီးခဲ့ရသည်။ ယခုအခါ အကြမ်းဖက်အဖျက်သမားများအား ပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲကာ တိုက်ဖျက်နှိမ်နင်းမှုများကြောင့် အချို့နေရာဒေသများတွင်သာ အကြမ်းဖက်သမားများ ပုန်းခိုခြောင်းမြောင်းတိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် ခရီးသွားပြည်သူများအား အလစ်အငိုက် တိုက်ခိုက်သတ်ဖြတ်ခြင်းများရှိနေသေးသည်။

NUG အကြမ်းဖက်အဖွဲ့သည် အသိမဲ့မိုက်မဲသော PDF အမည်ခံအကြမ်းဖက်သမားများအား သွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးမှုများ ဆက်လက်ပြုလုပ်ပေးကာ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ ခရီးသွား ပြည်သူများအား လူသားဒိုင်းအဖြစ် အသုံးချသတ်ဖြတ်မှုများပြုလုပ်လာသည်ကို စက်ဆုပ်ဖွယ်မြင်တွေ့ရသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ လိုက်ပါလာသည့် PDF အမည်ခံအကြမ်းဖက်သမားများက ရောဝတီတံတား(ရတနာပုံ)စစ်ဆေးရေးဂိတ်၌ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ခရီးသည်နှစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။ စတင်တိုက်ခိုက်လာသော အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့က စနစ်တကျ ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားနှစ်ဦးကို အသေဖမ်းဆီးရမိပြီး တစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့ကာ အတူပါလာသည့် လက်နက်အသစ်များနှင့် ခဲယမ်းများကို သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထု ခရီးသွားလာနေသည့် ခရီးသည်တင်ယာဉ်များကို အကာအကွယ်ရယူ၍ ဓားစာခံပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာကြသည်။ ယခုရက်ပိုင်းအတွင်း ယင်းသို့အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ခရီးသွားပြည်သူများ၊ ယာဉ်လိုင်းများအနေဖြင့် မသင်္ကာဖွယ်ရာများ တွေ့ရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ အနေဖြင့်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခရီးသည်တင်ယာဉ်များအား တိုက်ခိုက်မှု၊ ဓားစာခံပြုလုပ်မှု၊ လူသားတံတိုင်းသဖွယ် အသုံးချတိုက်ခိုက်မှုများကို သိရှိနိုင်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို အားမပေးဘဲ ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူဆောင်ရွက်နေသော ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု အနေဖြင့် ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များ အပြီးတိုင်ချုပ်ငြိမ်းရေးလုပ်ငန်းများ၌လည်း အသိတရားဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ် ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။






## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၈-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၀၀၀ | ၃၆၃ | ၂,၅၄၁,၅၀၀ |
| MTSH | ၂,၄၅၀ | ၂,၅၀၀ | ၂,၀၁၀ | ၄,၉၂၅,၅၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၂ | ၁၃,၈၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁၄၈ | ၂,၅၉၀,၀၀၀ |
| TMH | ၂,၃၀၀ | ၂,၃၀၀ | ၁,၄၂၂ | ၃,၂၇၀,၆၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၆ | ၁၅,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂ | ၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၃၅.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၉၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၉.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၅၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၈.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၁၉.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၃.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၆၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ


| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေး ကိစ္စရပ်များအပေါ် နှစ်ဖက်အပြန်အလှန် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် တိုင်းဒေသကြီး ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား ကျင်းပ

မြိတ် ဩဂုတ် ၁၈

တနင်္သာရီတိုင်းဒေသကြီး ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြား ထားသူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။



**ကပြဖျော်ဖြေ**

ဦးစွာ ကရင်အမျိုးသားသီချင်း သီဆို၍ မင်္ဂလာဖားစည်တီးကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် တံခွန်တိုင် ဒုံးယိမ်းအဖွဲ့က ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့် ကပြဖျော်ဖြေသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကရင်တိုင်းရင်းသား ဘိုးဘွားမိဘများ၏ လက်ဆင့်ကမ်းအမွေတစ်ခုဖြစ်သည့် ချည်ဖြူဖွဲ့မင်္ဂလာကို ဝါခေါင်လဆန်း ၁ ရက်နေ့မှ စတင်ပြီး ဝါခေါင်လပြည့်နေ့အထိ နှစ်စဉ်ကျင်းပလေ့ရှိပါကြောင်း၊ ကရင်တိုင်းရင်းသားများသည် ဝါခေါင်လရောက်သည့် အချိန်တွင် ချည်ဖြူဖွဲ့ထုံးချည်နှောင်သည့်ဓလေ့ကို မိသားစုများ စည်းစည်းလုံးလုံးဖြင့် ပြန်လည်တွေ့ဆုံခြင်း၊ လက်ရည်တပြင်တည်းဖြစ်ခြင်း၊ လူကြီးနှင့် လူငယ်အကြား နွေးနွေးထွေးထွေးဖြင့် စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေခြင်း၊ မိမိတို့ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ဖော်ထုတ်ခြင်း၊ ကရင်တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်စွာ ဆောင်ရွက်တတ်မှုဖြင့် ကျင်းပကြသည့် ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားမှသည် ကရင်တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး တိုင်းပြည်အကျိုး၊ ရပ်ရွာ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် အေးအတူ ပူအမျှ မိသားစုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထို့နောက် မြိတ်မြို့ ကက်သလစ်ခရစ်ယာန် ပရဟိတဂေဟာ ကရင်ဒုံးယိမ်းအဖွဲ့က ဒုံးယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ ဖြစ်ပေါ်လာပုံ စာတမ်းကို မြိတ်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ စောအောင်ထွဋ်က ဖတ်ကြားကာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောမာတင်လူသာက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကရင်ဘိုးဘွားများက ခုနစ်ရက်သားသမီးများနှင့် ကြွရောက်လာကြသည့် အထူးဧည့်သည်တော်များ၊ ဧည့်ပရိသတ်များအား ကရင်ရိုးရာချည်ဖြူဖွဲ့ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချောင်းဆုံမြို့နယ် ကဒါကျေးရွာ မြေပြိုကျမှု ဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုဝင်များ၊ ပေါင်မြို့နယ် လေပြင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေများနှင့် ထောက်ပံ့ရေး ပစ္စည်းများကို ယနေ့တွင် သွားရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကဒါကျေးရွာရှိ ကွမ်ရိုက်တောင် မြေနံရံ ပြိုကျမှုဖြစ်ပွားရာနေရာ၌ ရှင်းလင်းရေး လုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အလေးထား ဆောင်ရွက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကဒါကျေးရွာခန်းမ၌ မြေပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက အချိန်မီ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလည်း ဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေသားများ ပြိုဆင်းနိုင်သည့် အနီးဝန်းကျင်ရှိ နေအိမ်များအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး လိုက်လံသတိပေးခြင်း၊ ဖြစ်ပွားလာပါကလည်း ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားပြီး လိုအပ်သည်များကို တာဝန်ရှိသူများအနေဖြင့် အလေးထားကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် အိမ်ခြေများအတွက် ဆုံးရှုံးတန်ဖိုးငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို သဘာဝဘေးသင့် ပြည်သူများထံ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပေါင်မြို့နယ်အတွင်းရှိ ဝဲပတန်ကျေးရွာတွင် လေပြင်းတိုက်ခတ်မှု၊ ဒရိန်းကျေးရွာတွင် ရေကြီးရေလျှံမှုတို့ကြောင့် နေအိမ်အချို့ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် ပြည်သူများကိုလည်း ထောက်ပံ့ငွေများနှင့် ထောက်ပံ့ရေး ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုအခြေပြုဗဟိုဌာန လုပ်ငန်းများကို ယခုထက် သွက်လက်ထက်မြက်စွာ ဆောင်ရွက်

## စာကြည့်တိုက်များတွင် စာအုပ်စာစောင် ငှားရမ်းပေးရုံလောက်ဖြင့် ကျေနပ်မနေဘဲ ပြည်သူများ အသိပညာမြင့်မားစေရေးအတွက် နည်းလမ်းများစွာ ရှာဖွေလုပ်ဆောင်ရန်လို

နေပြည်တော် သြဂုတ် ၁၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ ပြန်ကြားရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေရှိ လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)သို့ ရောက်ရှိရာ တာဝန်ရှိသူများက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုနှင့် အားကစားပြိုင်ပွဲများ ကျင်းပဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်ရှိ ဘိုးဝဇီရခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ အရာထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

### ဆွေးနွေး

ထို့နောက် လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၏ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)က ဆောင်ရွက်နေသည့် စာအုပ်ဖတ်ရှုလေ့လာသုံးသပ်ဆွေးနွေးပွဲသို့ သွားရောက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လက်ရှိပကတိအခြေအနေများနှင့် လိုက်ပါဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား) က ၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေပြည်တော် ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၏ စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော် ပုံနှိပ်စက်ရုံအတွင်း တပ်ဆင်ထားသည့် ပုံနှိပ်စက်များ၊ စက္ကူနှင့် ဓာတုပစ္စည်းများ သိုလှောင်ထားရှိမှု၊ စက္ကူဖြတ်စက်၊ စာအုပ်ချုပ်စက်နှင့် ကော်ကပ်စက်များကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်ရှိ ဘိုးဝဇီရခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ အရာထမ်းများအား တွေ့ဆုံသည်။

### ကြည့်ရှုစစ်ဆေး

တွေ့ဆုံပွဲတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား အမှာစကားပြောကြားကာ နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်သည့် ပတ်လည်ပုံနှိပ်စက်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်း၌ ကျောင်းသားကျောင်းသူများ ဆေးရောင်ရေးခြယ်နေမှုကို ကြည့်ရှုအားပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ စာကြည့်တိုက်အတွင်း၌ ပြည်သူများ လာရောက် စာပေဖတ်ရှုနေမှု၊ စာကြည့်တိုက်အတွင်း စာအုပ်များ စနစ်တကျထားရှိမှု၊ ပြတိုက်ငယ်အတွင်း၌ ရှေးရိုးရာ အသုံးအဆောင် ပစ္စည်းများ ပြသထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၌ ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Conference Room ၌ အရာထမ်းများနှင့် တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ဖျော်ဖြေရေး၊ ပညာပေးရေးနှင့် သတင်းအစီအစဉ်များ တင်ဆက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထုတ်လုပ်ရေးမှူးများ၏ အခြေခံကျွမ်းကျင်မှု သင်တန်းပို့ချနေမှုကို ကြည့်ရှုပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် Auditorium ခန်းမ၌ သတင်းဖတ်ကြားသူ၊ အစီအစဉ်တင်ဆက်သူနှင့် အခမ်းအနားမှူး သင်တန်းများ ဖွင့်လှစ်၍ လျာထားရွေးချယ်ထားရှိသူများအား တွေ့ဆုံအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Aircon Chiller တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဧည့်သည်များ တည်းခိုနေထိုင်မည့် ရွှေတောင်ကုန်းဧည့်ရိပ်သာ ပြင်ဆင်ထားရှိမှုကို သွားရောက်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် လူထုအခြေပြုဗဟိုဌာန လုပ်ငန်းများကို ယခုထက် သွက်လက် ထက်မြက်စွာ ဆောင်ရွက်ရန် လိုကြောင်း၊ စာကြည့်တိုက်များတွင် စာအုပ်စာစောင် ငှားရမ်းပေးရုံလောက်ဖြင့် ကျေနပ်မနေဘဲ ပြည်သူများ အသိပညာမြင့်မားစေရေးအတွက် နည်းလမ်းများစွာ ရှာဖွေလုပ်ဆောင်ရန်လိုကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် ပြည်သူများ အကျွမ်းတဝင် ဝင်ထွက်သွားလာနိုင်ရေးအတွက် ဖျော်ဖြေရေး အစီအစဉ်များကို စီစဉ်ပေးသင့်ကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေသည့် စာအုပ်စာစောင်များသည် အရည်အသွေးကောင်းမွန်ရန်၊ ဈေးနှုန်းသက်သာရန်၊ အချိန်မီပြီးစီးရန် လိုအပ်ကြောင်း၊ အလေအလွင့်မရှိစေရန်၊ ဝင်ငွေ ပိုမိုတိုးတက်ရရှိစေရန်၊ နိုင်ငံတော်နှင့် ဌာနအတွက် အကျိုးရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နေ့စဉ်ထုတ် သတင်းစာများ၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပိုင်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော် အစိုးရက ချမှတ်သည့် မူဝါဒများကို ရေးသားဖော်ပြရာတွင် ပြည်သူများ စိတ်ဝင်စားမှုရှိလာစေရန်၊ ဖတ်ရှုချင်စိတ် ဖြစ်ပေါ်လာစေရန် စာသား အသုံးအနှုန်းများနှင့် တင်ပြပုံများ လေ့လာပြောင်းလဲရန်နှင့် ပြည်သူများအား မှန်ကန်သည့် သတင်းအချက်အလက်ပေးနိုင်ရန် လိုအပ်ကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အခန်းကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာဖြစ်၍ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆက်လက် ကြိုးစားအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

သတင်းစဉ်

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော် သြဂုတ် ၁၈

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ နိုလင်းဟေဇာသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဧရာဝတီတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ပုသိမ်မြို့၌ကျင်းပ



**ပုသိမ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ပုသိမ်မြို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာရီရီဝင်းက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပရိဂျက်တာဖြင့်ပြသခဲ့ပြီး အသက်ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးဝါးတိုက်ကျွေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနေ့ အထိမ်းအမှတ်ပြခန်း ပြသထားမှုကို ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တာချီလိတ်မြို့နယ် ရေဘေးသင့်ပြည်သူများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွင် ဆောင်ရွက်ပေးခဲ့သူများအား စားသောက်ကုန်များထောက်ပံ့

**တာချီလိတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မဲခေါင်ချောင်း၊ မယ်ဆိုင်ချောင်းတို့တွင် ရေများတက်လာပြီး တာချီလိတ်မြို့ပေါ်ရှိ တာလေ့ရပ်ကွက်၊ ချစ်ကြည်ရေးတံတား အမှတ်(၁)၊ မကာဟိုခမ်းရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ ပုန်းထွန်ရပ်ကွက်၊ ဆန်ဆိုင် (က) ရပ်ကွက်တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူများ၊ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့ကြသည့်ဌာနဆိုင်များ၊ လူမှုရေးအသင်းအဖွဲ့များအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ညနေ ၄ နာရီခွဲက တာချီလိတ်မြို့ တာလေ့ရပ်ကွက်၌ ပြုလုပ်သည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက တပ်မတော် တပ်ရင်းတပ်ဖွဲ့၊ တာချီလိတ် သဒ္ဓါပရဟိတအသင်း၊ အလင်းရောင် ပရဟိတအသင်း၊ မီးသတ်ဦးစီးဌာန၊ တာလေ့ရပ်ကွက် (၃၅) တို့ကိုလည်းကောင်း၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ ပုန်းထွန်ရပ်ကွက်(၈၂) တို့ကိုလည်းကောင်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မေတ္တာရှင် လူမှုကူညီရေးအသင်း၊ မယ်ခေါင်ရပ်ကွက် ၁၀၀ တို့ကိုလည်းကောင်း၊ ပြည်နယ် လူမှုရေးဝန်ကြီး ဦးအောင်မြင့်က စည်ပင်သာယာရေးဌာန၊ ရွှေတာချီလိတ် လူမှုကူညီရေးအသင်း၊ မကာဟိုခမ်းရပ်ကွက် ၉၀ တို့ကိုလည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရွှေမယ်ယန်း ပရဟိတအဖွဲ့တို့ကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက ကုန်တင်၊ ကုန်ချအဖွဲ့၊ ဦးလှမိုး နာရေးကူညီမှုအသင်း၊ ဆန်ဆိုင်း(ခ)ရပ်ကွက် ၆၀ တို့ကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက အရန်မီးသတ်တပ်ဖွဲ့၊ ဆန်ဆိုင်း (က)(၉၈)တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့်နေရာကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိကြက်တောင်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရေး၊ နိုင်ငံတကာအဆင့်မီ မျိုးဆက်သစ် ကြက်တောင်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ကြက်တောင်ရိုက်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ကြိုးစားယှဉ်ပြိုင်ရင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ထူးချွန်အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားယှဉ်ပြိုင်ကစားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှတာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲကို ကြက်တောင်ရိုက်၍ ဖွင့်လှစ်ပေးပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲအဖြစ် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ၊ နှစ်ယောက်တွဲပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများကို ဩဂုတ် ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ရာနှုန်းပြည့်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ရန်လို

**ဟားခါး ဩဂုတ် ၁၈**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်း မြင့်တက်လာကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများသာမက ပြည်တွင်းကူးစက်ဖြစ်ပွားမှုများတွေ့ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရကြောင်း၊ သို့ဖြစ်ရာ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုပြီးစီးကာလ ခြောက်လပြည့်ပြီးသူများတွင် ထပ်ဆောင်း (Booster Dose) ကို ထိုးနှံပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ရာနှုန်းပြည့် ထိုးနှံပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ လူစုလူဝေးဖြစ်ပေါ်ရာနေရာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇော်က ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် မြို့နယ်များမှ တင်ပြလာသည့် အုပ်ချုပ်၊ ထောက်ပံ့မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုးက ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ် ဥပဒေချုပ်တို့က ဖြည့်စွက်ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်တို့က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်း အပူချိန်လျော့နည်းလာမှုနှင့် နေပတ်လမ်းကြောင်းပေါ်မူတည်၍ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေ၊ နေလည်ပတ်မှုပုံစံ

/ အဏ္ဏဝါသုတေသီတစ်ဦး /

စကြဝဠာအဖွဲ့အစည်းတွင် ပါဝင်သော နေအဖွဲ့အစည်း(Solar System)အတွင်း ကမ္ဘာ အပါအဝင် ဂြိုဟ်များနှင့် ဂြိုဟ်ရံလတို့သည် နေကို ပတ်လမ်းတစ်ခုစီဖြင့် လှည့်ပတ်လျက်ရှိပြီး ကမ္ဘာသည် နေကိုဗဟိုပြု၍ ဘဲဥပုံလမ်းကြောင်း အတိုင်း ၂၃.၅ ဒီဂရီ တိမ်းစောင်းကာ လှည့်ပတ်လျက် ရှိပါသည်။ ထို့ကြောင့် နေပတ်လမ်းကြောင်းသည် အီကွေတာမျဉ်းပေါ်သို့ တစ်နှစ်လျှင် နှစ်ကြိမ် ရောက်ရှိပြီး ကမ္ဘာတိမ်းစောင်းရာ ၂၃.၅ ဒီဂရီ အမှတ်နေရာ နှစ်ခုပေါ်သို့ တစ်နှစ်လျှင် နှစ်ကြိမ် ရောက်ရှိပါသည်။

**နက္ခတ်ဗေဒဥတု လေးမျိုးဖြစ်ပေါ်လာခြင်း**

နေသည် နေပတ်လမ်းကြောင်းအတိုင်း ၂၃.၅ ဒီဂရီအတိုင်း တိမ်းစောင်း၍ လှည့်ပတ်လျက်ရှိခြင်း ကြောင့် တစ်နှစ်လျှင် နေ၏ မြင့်ထောင့်(Sun Declination)သည် သုည ဒီဂရီသို့ နှစ်ကြိမ်၊ ၂၃.၅ ဒီဂရီသို့ နှစ်ကြိမ်ရောက်ရှိရာမှ နွေဦးရာသီ(Spring)၊ နွေရာသီ (Summer)၊ ဆောင်းဦးရာသီ (Autumn) နှင့် ဆောင်းရာသီ (Winter) ဟူ၍ နက္ခတ်ဗေဒဥတု (Astronomical Season) လေးမျိုး ဖြစ်ပေါ်လာခဲ့ရပါသည်။

နေ၏မြင့်ထောင့်သည် အီကွေတာမျဉ်း(သုည ဒီဂရီ)သို့ မတ်လ ၂၁ ရက် (First Point of Aries' – Vernal Equinox') အား စတင်ဖြတ်ကျော်ချိန်မှစ၍ နေပတ်လမ်းကြောင်း၏ အမြင့်ဆုံးမြင့်ထောင့် ၂၃.၅ ဒီဂရီသို့ ရောက်ရှိချိန် ဇွန်လ ၂၂ ရက် ဥတ္တရ ယဉ်စွန်းတန်း သို့မဟုတ် မြောက်ယဉ်စွန်းတန်း (Summer Solstice)အထိ သုံးလတာကာလအား ဥရောပနိုင်ငံများအတွက် နွေဦးရာသီ(Spring) အဖြစ် သတ်မှတ်ကြပါသည်။ သို့သော်လည်း မြန်မာ နိုင်ငံ၏ တောင်ဘက်စွန်း ကော့သောင်းမြို့သည် အီကွေတာမှ လတ္တီတွဒ် ၁၀ ဒီဂရီခန့်သာ ကွာဝေး သဖြင့် ထိုကာလအား ပူအိုက်သောနွေရာသီ (Summer)အဖြစ် သတ်မှတ်ပါသည်။

နေသည် မြောက်ကမ္ဘာဘက်ခြမ်းရှိ နေပတ် လမ်းကြောင်း၏ အမြင့်ဆုံးမြင့်ထောင့် ၂၃.၅ ဒီဂရီမှ အီကွေတာ သုည ဒီဂရီမျဉ်းသို့ မြောက်မှတောင် ပတ်လမ်းအတိုင်း ပြန်လည်ဆင်းသက်လာချိန်တွင် ဥရောပနိုင်ငံများအတွက် နွေရာသီ(Summer Season)အား တွေ့ကြုံခံစားရပြီး မြန်မာနိုင်ငံအတွက်မူ အနောက်တောင်မုတ်သုံလေ အားကောင်းသော ကာလဖြစ်သောကြောင့် ပူအိုက်စွတ်စိုသော မိုးရာသီ (Rainy Season)အား တွေ့ကြုံရပါသည်။


နေသည် မြောက်မှတောင်သို့ နေပတ် လမ်းကြောင်းအတိုင်း အီကွေတာ သုည ဒီဂရီမျဉ်း အား ပြန်လည်ဖြတ်ကျော်ချိန် စက်တင်ဘာလ ၂၃ ရက်(First Point of Libra–'Autumnal Equinox') မှစ၍တောင်ကမ္ဘာဘက်ခြမ်းရှိနေပတ်လမ်းကြောင်း ၏ အမြင့်ဆုံးမြင့်ထောင့် ၂၃.၅ ဒီဂရီသို့ရောက်ရှိချိန် ဒီဇင်ဘာလ ၂၂ ရက် ဒက္ခိဏယဉ်စွန်းတန်း သို့မဟုတ် တောင်ယဉ်စွန်းတန်း(Winter Solstice) အထိ သုံးလတာကာလအား ဥရောပနိုင်ငံများ အတွက် ဆောင်းဦးရာသီ(Autumn)အဖြစ် သတ်မှတ်ပါသည်။ ထိုအချိန်တွင် နေသည် တောင် ကမ္ဘာခြမ်းသို့ ရောက်ရှိနေသဖြင့် မြောက်ကမ္ဘာခြမ်းရှိ မြန်မာနိုင်ငံသည် အေးမြသောဆောင်းရာသီ(Winter Season)အား ခံစားနေရပါသည်။

၎င်းနောက် နေသည် တောင်ကမ္ဘာခြမ်းရှိ နေပတ်လမ်းကြောင်း၏ အမြင့်ဆုံးမြင့်ထောင့် ၂၃.၅ ဒီဂရီမှ နေပတ်လမ်းကြောင်း အီကွေတာ သုည ဒီဂရီ မျဉ်းသို့ဖြတ်သည့် မတ်လ ၂၁ ရက် (First Point of Aries' – Vernal Equinox')သို့ ပြန်လည်ရောက်ရှိ ချိန်အထိ သုံးလတာကာလအား ဥရောပနိုင်ငံများ အတွက် ဆောင်းရာသီ(Winter Season)အဖြစ် တွေ့ကြုံကြရပြီး မြန်မာနိုင်ငံအတွက်မူ ဆောင်း အကုန် နွေအကူးကာလသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအပေါ် နေဖြတ်သန်းသွားလာသည့် မြို့ရွာများနှင့် ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတု အခြေအနေ**

နေ၏ မြင့်ထောင့်(Sun Declination)ကို နှစ်အလိုက်ထုတ်ဝေသော ရေကြောင်းဆိုင်ရာ နက္ခတ်တာရာပြက္ခဒိန်(Nautical Almanac)ရှိ ဇယားများတွင် လအလိုက်၊ နေ့ရက်အလိုက် ကြည့်ရှုကာ တွက်ချက်နိုင်ပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၁၆ ရက်မှ ဩဂုတ်လ ၂၇ ရက်အတွင်း ဖော်ပြပါ ဇယားအတိုင်း မြန်မာနိုင်ငံရှိ မြို့များအပေါ်သို့ ဖြတ်သန်းလျက်ရှိပါသည်။ နေသည် နေပတ်လမ်း အတိုင်း ကော့သောင်းမြို့အပေါ်သို့ ဧပြီလ ၁၆ ရက် တွင် စတင်ဖြတ်သန်းခဲ့ပြီး နောက်ပိုင်းမှစ၍ နွေအကုန် မိုးအကူးကာလကို ကူးပြောင်းခဲ့ပါသည်။

နေသည် ဥတ္တရယဉ်စွန်းတန်း သို့မဟုတ် မြောက်ယဉ်စွန်းတန်းသို့ ဇွန်လ ၂၂ ရက် တွင် ရောက်ရှိပြီး တီးတိန် – တကောင်း – ကွတ်ခိုင် မြို့များအနီးမှ ဖြတ်သန်းကာ နေပတ်လမ်းကြောင်း အတိုင်း တောင်ဘက်သို့ ဆက်လက်ရွေ့လျား၍ ဇူလိုင်လ ၂၄ ရက်တွင် နေပြည်တော်အပေါ်သို့ တစ်ကျော့ပြန်လည်ဖြတ်ကျော်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်များ တွင် ကျွန်းစုမြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့များ အပေါ်သို့ အသီးသီးဖြတ်သန်းသွားမည်ဖြစ်ပြီး ဆက်လက်၍ အီကွေတာပေါ်သို့ စက်တင်ဘာလ ၂၃ ရက်တွင် ရောက်ရှိဖြတ်သန်းကာ တောင်ကမ္ဘာ ခြမ်းသို့ ဆက်လက်ရွေ့လျားသွားမည်ဖြစ်ပါသည်။ အီကွေတာပေါ်သို့ စက်တင်ဘာလ ၂၃ ရက် ဖြတ်သန်းချိန်နောက်ပိုင်းကာလမှစ၍ မိုးအကုန် ဆောင်းအကူးကာလသို့ ကူးပြောင်းလာမည်ဖြစ် ကြောင်းနှင့် မြန်မာနိုင်ငံပေါ်သို့နေပတ်လမ်းကြောင်း အတိုင်း နေဖြတ်သန်းသွားလာမည့်အချိန်၊ နေရာနှင့် ပြောင်းလဲ ဖြစ်ပေါ်လာသော ရာသီဥတုအခြေအနေ များအား ဗဟုသုတရရှိစေရန်ရည်ရွယ်၍ တင်ပြ လိုက်ရပါသည်။




နေပတ်လမ်းကြောင်းပြပုံ

**ရည်ညွှန်းကိုးကား –**

*The Nautical Almanac 2022*

*Admiralty Manual of Navigation BR 45, Volume II*

## ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့များပေါ်သို့ နေပတ်လမ်းကြောင်းဖြတ်ကျော်မှုပြဇယား

| စဉ် | မြို့အမည် | နေပတ်လမ်းကြောင်း ဖြတ်ကျော်သည့် ရက်စွဲ (Merpass Time) | ဖြတ်ကျော်ချိန် နေပတ်လမ်းကြောင်း၏ မြင့်ထောင့် (Sun's Declination) |
|---|---|---|---|
| ၁ | ကော့သောင်း | ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၆ ရက် | ၁၀ ဒီဂရီ ၀၈.၁ မိနစ် (မြောက်) |
| ၂ | မြိတ် | ၂၀၂၂ ခုနှစ်၊ ဧပြီလ၂၂ ရက် | ၁၂ ဒီဂရီ ၁၂.၅ မိနစ် (မြောက်) |
| ၃ | ကျွန်းစု (ကတန်ကျွန်း) | ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၃ ရက် | ၁၂ ဒီဂရီ ၃၂.၆ မိနစ် (မြောက်) |
| ၄ | ထားဝယ် | ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက် | ၁၃ ဒီဂရီ ၅၀.၈ မိနစ် (မြောက်) |
| ၅ | ကလိန်အောင် | ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက် | ၁၄ ဒီဂရီ ၄၇.၁ မိနစ် (မြောက်) |
| ၆ | မော်လမြိုင် | ၂၀၂၂ ခုနှစ်၊ မေလ ၆ ရက် | ၁၆ ဒီဂရီ ၃၂.၈ မိနစ် (မြောက်) |
| ၇ | ရန်ကုန်၊ ပုသိမ် | ၂၀၂၂ ခုနှစ်၊ မေလ ၇ ရက် | ၁၆ ဒီဂရီ ၄၉.၅ မိနစ် (မြောက်) |
| ၈ | ပဲခူး | ၂၀၂၂ ခုနှစ်၊ မေလ ၈ ရက် | ၁၇ ဒီဂရီ ၀၆.၀ မိနစ် (မြောက်) |
| ၉ | ငါးသိုင်းချောင်း၊ ကျိုက်ထို | ၂၀၂၂ ခုနှစ်၊ မေလ ၉ ရက် | ၁၇ ဒီဂရီ ၂၂.၁ မိနစ် (မြောက်) |
| ၁၀ | ဟသ်ာတ | ၂၀၂၂ ခုနှစ်၊ မေလ ၁၀ ရက် | ၁၇ ဒီဂရီ ၃၈.၀ မိနစ် (မြောက်) |
| ၁၁ | သဲကုန်း | ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက် | ၁၈ ဒီဂရီ ၃၈.၃ မိနစ် (မြောက်) |
| ၁၂ | နေပြည်တော် | ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက် | ၁၉ ဒီဂရီ ၄၆.၅ မိနစ် (မြောက်) |
| ၁၃ | မကွေး | ၂၀၂၂ ခုနှစ်၊ မေလ ၂၁ ရက် | ၂၀ ဒီဂရီ ၁၁.၆ မိနစ် (မြောက်) |
| ၁၄ | တောင်ကြီး | ၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက် | ၂၀ ဒီဂရီ ၄၆.၅ မိနစ် (မြောက်) |
| ၁၅ | ပုဂံ | ၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက် | ၂၁ ဒီဂရီ ၀၈.၀ မိနစ် (မြောက်) |
| ၁၆ | ပေါက်၊ မြင်းခြံ | ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက် | ၂၁ ဒီဂရီ ၂၇.၀ မိနစ် (မြောက်) |
| ၁၇ | မန္တလေး | ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက် | ၂၁ ဒီဂရီ ၅၅.၂ မိနစ် (မြောက်) |
| ၁၈ | ကန်နီ၊ ဘုတလင် | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၄ ရက် | ၂၂ ဒီဂရီ ၂၆.၃ မိနစ် (မြောက်) |
| ၁၉ | မိုးကုတ် | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၉ ရက် | ၂၂ ဒီဂရီ ၅၆.၁ မိနစ် (မြောက်) |
| ၂၀ | နမ့်ဆန် | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၀ ရက် | ၂၃ ဒီဂရီ ၀၀.၈ မိနစ် (မြောက်) |
| ၂၁ | လားရှိုး၊ ကလေး | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၁ ရက် | ၂၃ ဒီဂရီ ၀၅.၂ မိနစ် (မြောက်) |
| ၂၂ | ကွတ်ခိုင်၊ တီးတိန် | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၈ ရက် | ၂၃ ဒီဂရီ ၂၄.၂ မိနစ် (မြောက်) |
| ၂၃ | တကောင်း | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၂ ရက် | ၂၃ ဒီဂရီ ၂၆.၁ မိနစ် (မြောက်) |
| ၂၄ | ကွတ်ခိုင်၊ တီးတိန် | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၄ ရက် | ၂၃ ဒီဂရီ ၂၄.၂ မိနစ် (မြောက်) |
| ၂၅ | လားရှိုး၊ ကလေး | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက် | ၂၃ ဒီဂရီ ၀၅.၂ မိနစ် (မြောက်) |
| ၂၆ | နမ့်ဆန် | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက် | ၂၃ ဒီဂရီ ၀၀.၈ မိနစ် (မြောက်) |
| ၂၇ | မိုးကုတ် | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက် | ၂၂ ဒီဂရီ ၅၆.၁ မိနစ် (မြောက်) |
| ၂၈ | ကန်နီ၊ ဘုတလင် | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက် | ၂၂ ဒီဂရီ ၂၆.၃ မိနစ် (မြောက်) |
| ၂၉ | မန္တလေး | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် | ၂၁ ဒီဂရီ ၅၅.၂ မိနစ် (မြောက်) |
| ၃၀ | ပေါက်၊ မြင်းခြံ | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် | ၂၁ ဒီဂရီ ၂၇.၀ မိနစ် (မြောက်) |
| ၃၁ | ပုဂံ | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် | ၂၁ ဒီဂရီ ၀၈.၀ မိနစ် (မြောက်) |
| ၃၂ | တောင်ကြီး | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် | ၂၀ ဒီဂရီ ၄၆.၅ မိနစ် (မြောက်) |
| ၃၃ | မကွေး | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် | ၂၀ ဒီဂရီ ၁၁.၆ မိနစ် (မြောက်) |
| ၃၄ | နေပြည်တော် | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် | ၁၉ ဒီဂရီ ၄၆.၅ မိနစ် (မြောက်) |
| ၃၅ | သဲကုန်း | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် | ၁၈ ဒီဂရီ ၃၈.၃ မိနစ် (မြောက်) |
| ၃၆ | ဟသ်ာတ | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက် | ၁၇ ဒီဂရီ ၃၈.၀ မိနစ် (မြောက်) |
| ၃၇ | ငါးသိုင်းချောင်း၊ ကျိုက်ထို | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက် | ၁၇ ဒီဂရီ ၂၂.၁ မိနစ် (မြောက်) |
| ၃၈ | ပဲခူး | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၄ ရက် | ၁၇ ဒီဂရီ ၀၆.၀ မိနစ် (မြောက်) |
| ၃၉ | ရန်ကုန်၊ ပုသိမ် | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက် | ၁၆ ဒီဂရီ ၄၉.၅ မိနစ် (မြောက်) |
| ၄၀ | မော်လမြိုင် | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၆ ရက် | ၁၆ ဒီဂရီ ၃၂.၈ မိနစ် (မြောက်) |
| ၄၁ | ကလိန်အောင် | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက် | ၁၄ ဒီဂရီ ၄၇.၁ မိနစ် (မြောက်) |
| ၄၂ | ထားဝယ် | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် | ၁၃ ဒီဂရီ ၅၀.၈ မိနစ် (မြောက်) |
| ၄၃ | ကျွန်းစု (ကတန်ကျွန်း) | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် | ၁၂ ဒီဂရီ ၃၂.၆ မိနစ် (မြောက်) |
| ၄၄ | မြိတ် | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် | ၁၂ ဒီဂရီ ၁၂.၅ မိနစ် (မြောက်) |
| ၄၅ | ကော့သောင်း | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် | ၁၀ ဒီဂရီ ၀၈.၁ မိနစ် (မြောက်) |
| ၄၆ | အီကွေတာ | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် | First Point of Libra–'Autumnal Equinox' |

# ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး၊ တီထွင်ဆန်းသစ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

SEACEN High–Level Seminar and Meeting for Deputy Governors (Financial Stability and Supervision) ကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ အရှေ့တောင်အာရှနိုင်ငံများမှ ဗဟိုဘဏ်များ၏ ဒုတိယဥက္ကဋ္ဌများ၊ အရာထမ်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဌာနအသီးသီးမှ အရာထမ်းများ တက်ရောက်ကြသည်။




**ဆွေးနွေး**

အစည်းအဝေးသည် SEACEN အဖွဲ့ဝင်နိုင်ငံများမှ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ကြီးကြပ်စစ်ဆေးခြင်း ဆောင်ရွက်နေသော ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၏ နှစ်စဉ်ကျင်းပလျက်ရှိသော ဆွေးနွေးပွဲဖြစ်ပြီး ယင်းဆွေးနွေးပွဲသို့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုဘဏ်အရာထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အမှုဆောင်အရာရှိများ တက်ရောက်ကြပြီး ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး၊ တီထွင်ဆန်းသစ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ထွန်းသစ်စဈေးကွက်စီးပွားရေးတွင် Sovereign Debt နှင့် ငွေရေးကြေးရေးတည်ငြိမ်မှု၊ Central Bank Digital Currencies (CBDCs) ၏ စိန်ခေါ်မှုများနှင့် Caribbean နိုင်ငံများ၏ Digital Currencies အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှ သင်ခန်းစာများ၊ အာဆီယံနိုင်ငံများ၏ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးနှင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများ၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် Cyber တိုက်ခိုက်မှုနှင့် Cyber ခြိမ်းခြောက်မှုများနှင့် စပ်လျဉ်းသော စိန်ခေါ်မှုများ၊ Big Techs၊ Fin Techs များဆိုင်ရာ အကျိုးကျေးဇူးများနှင့် ဆုံးရှုံးနိုင်ခြေများကို ဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲတွင် နိုင်ငံများသည် Global Macro Trend အရ ကမ္ဘာ့ရေနံဈေးမြင့်တက်ခြင်း၊ ငွေကြေးဖောင်းပွမှုများ မြင့်တက်နေခြင်း၊ ရာသီဥတုပြောင်းလဲနေခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ Cyber တိုက်ခိုက်မှုများ၊ Geopolitics အခြေအနေများကြောင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် မူဝါဒချမှတ်သူများသည် နိုင်ငံပိုင်ဘဏ်များအတွက် ထိရောက်သော စည်းမျဉ်းစည်းကမ်းများ၊ ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်ရန်၊ Multiple Channels များကို ထည့်သွင်းစဉ်းစား၍ ဘဏ်များအား Stress Testing Exercises များ ဆောင်ရွက်ရန်၊ အားကောင်းခိုင်မာသော ဘဏ်လုပ်ငန်းအကျပ်အတည်း စီမံခန့်ခွဲမှုမူဘောင်များ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Monetary Policy နှင့် Fiscal Policy များ အပြန်အလှန်ချိတ်ဆက်၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း ကိစ္စများကို အတွေ့အကြုံများဖလှယ်၍ ဆွေးနွေးကြသည်။

SEACEN High–Level Seminar and Meeting for Deputy Governors (Financial Stability and Supervision) ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပခဲ့ရာ Crypto Currency ကြောင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ရေးကို ထိခိုက်စေနိုင်သည့် အကြောင်းအရာများ၊ Crypto Currency ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ငွေရေးကြေးရေးကဏ္ဍတွင် ကြပ်မတ်ဆောင်ရွက်သွားနိုင်သည့် အစီအစဉ်များကို လည်းကောင်း၊ ရာသီဥတုပြောင်းလဲ/ဖောက်ပြန်ခြင်းကြောင့် ငွေရေးကြေးရေးကဏ္ဍတွင် ဆုံးရှုံးနိုင်သည့်အခြေအနေများကို ကာကွယ်ရန် အစီအစဉ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများအား လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နှင့် ရခိုင်ပြည်နယ် ကျောက်ဖြူ မြို့နယ်များအတွင်း ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။



ကျောက်ဖြူမြို့နယ်၌ ရေကြီးရေလျှံဖြစ်ပွားခဲ့သော စာသင်ကျောင်းတွင် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**ဖယ်ရှားရှင်းလင်းပေး**

အဆိုပါ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ယနေ့နံနက်ပိုင်းမှစ၍ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက လဲကျခဲ့သည့်သစ်ပင်သစ်ကိုင်းများအား ဖယ်ရှားရှင်းလင်းခြင်း၊ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် လမ်းများပေါ်၌ တင်ကျန်ခဲ့သည့် ရွှံ့ညွန်များအား ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ပေးအပ်လှူဒါန်း**

အလားတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘိုကလေးကျေးရွာ၊ ကွမ်းမိုးဒိန်းရပ်ကွက်နှင့် အမှတ်(၁၂) ရပ်ကွက်များတွင် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များက ရေဘေးသင့်ပြည်သူများထံသို့ လိုအပ်သည့် လူသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၁၈**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရေကြီးချိန်နှင့် ရေပြန်ကျချိန်တို့တွင် တွေ့ကြုံနိုင်သည့် ဓာတ်လိုက်မှုများ

**မောင်မောင်(လျှပ်စစ်)**


လွန်ခဲ့သော၂၀၁၉ခုနှစ် ဩဂုတ်လတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ထူးထူးကဲကဲမိုးသည်းထန်ခြင်း၊ မြစ်ရေများ ရုတ်တရက်ကြီးခြင်း၊ တောင်ကျရေများဒလဟောစီးဆင်းခြင်းတို့ကြောင့် ရေကြီးခြင်း၊ တောင်ပြိုခြင်းတို့ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုများပြတ်တောက်ကာ ကုန်စည်စီးဆင်းမှုများ ရပ်တန့်သွားခဲ့သည့်အပြင် လူပေါင်း ၆၈ ဦးသေဆုံး၍ စာသင်ကျောင်းပေါင်း ၇၀ ကျော် ခေတ္တပိတ်ခဲ့ရသည်။ သေဆုံးသူများထဲတွင် ကျောင်းသားကျောင်းသူ ၁၆ ဦးပါရှိပြီး ၂၈ ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဖတ်ရှုမှတ်သားခဲ့ရပါသည်။

ထိုသို့ သေဆုံးသူများအနက် လျှပ်စစ်ဓာတ်အားကြောင့် ဓာတ်လိုက်သေဆုံးရသူများလည်း ပါဝင်ပါသည်။

**လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေနိုင်**

ရေဘေးသင့်ဒေသများအနက် တချို့နေရာများတွင် အိမ်ခေါင်မိုးထိလုနီးပါး ရေဝင်နစ်မြုပ်နေသဖြင့် ထိုနေရာ၊ ထိုဒေသရှိ ထရန်စဖော်မာများ၊ ဓာတ်တိုင်များ၊ နေအိမ်၌တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၊ မီးအားမြှင့်စက်များ၊ ရေမော်တာများမှာ ရေဝင်ခြင်း၊ ရေတွင်နစ်မြုပ်ခြင်းများဖြစ်နေပေမည်။ ဤသို့သောအခြေအနေတွင် ဓာတ်လိုက်ခြင်း၊ ရှော့ခ်ဖြစ်ခြင်း စသည့်လျှပ်စစ်အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။

> **“ရေထဲရောက်နေသော ရေဝင်နစ်မြုပ်နေသော ဘုရားတန်ဆောင်း၊ ကျောင်း၊ ဇရပ် စသည့် သာသနိကအဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ လူနေအိမ်များရှိ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ ရေစိုနေလျှင်၊ ရေနစ်မြုပ်နေလျှင်၊ ရေဝင်နေလျှင် ကျန်လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လုံးဝမသုံးပါနှင့်။ လျှပ်စစ်ဓာတ်ကြိုးများတပ်ဆင်ထားသော လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်ဓာတ်အားရှိနေသည်ကို သိရှိသတိထားရန်လိုအပ်”**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် ထိုကဲ့သို့ ရေကြီး ရေလျှံခြင်း၊ မီးလောင်ခြင်းစသည့် ဘေးအန္တရာယ်များ ကျရောက်သည့်နေရာများကို လျှပ်စစ်အန္တရာယ် (ဓာတ်လိုက်မှုအန္တရာယ်) မဖြစ်ပေါ်စေရေးအတွက် သတင်းရလျှင်ရချင်း ဓာတ်အားပိတ်ပေးလေ့ရှိပါသည်။ ဤသို့ လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်သည်ကို မသိသူများက “မီးလောင်နေရတဲ့အထဲ မီးကပျက်ပြန်ပြီ၊ ဘာလို့ မီးပိတ်ရတာလဲ”စသဖြင့် ပြစ်တင်ဝေဖန်သံများ မကြာခဏကြားနေရပါသည်။

**လုံးဝမသုံးပါနှင့်**

ရေထဲရောက်နေသော ရေဝင်နစ်မြုပ်နေသော ဘုရားတန်ဆောင်း၊ ကျောင်း၊ ဇရပ် စသည့် သာသနိကအဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ လူနေအိမ်များရှိ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ ရေစိုနေလျှင်၊ ရေနစ်မြုပ်နေလျှင်၊ ရေဝင်နေလျှင် ကျန်လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လုံးဝမသုံးပါနှင့်။ လျှပ်စစ်မီးခလုတ်များကို မဖွင့်ပါနှင့်။ လျှပ်စစ်မိန်းခလုတ်ကို ပိတ်ထားပါ။ လျှပ်စစ်ဓာတ်ကြိုးများတပ်ဆင်ထားသော လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်ဓာတ်အားရှိနေသည်ကို သိရှိသတိထားရန်လိုအပ်သည်။

လျှပ်စစ်ဓာတ်အားသည် စိုစွတ်နေသည့်မြေပြင်၊ ရေပြင်၊ စိုစွတ်နေသော အရာဝတ္ထုများ၊ သံ၊ ကြေး၊ ကြေးနီ၊ သွပ်တို့တွင် လျှပ်စစ်ဓာတ်အားလွယ်ကူလျင်မြန်စွာ ဖြတ်သန်းစီးဆင်းနိုင်ပါသည်။

ခြောက်သွေ့သော ဝါးလုံး၊ သစ်သား၊ ဖန်၊ ရော်ဘာ၊ ဒန်၊ ခဲတို့တွင် လျှပ်စစ်ဓာတ် မစီးဝင်နိုင်ပါ(ဝါ) ဓာတ်မလိုက်နိုင်ပါ။ သို့သော်လည်း ယင်းပစ္စည်းများပင် ရေစိုနေပါက လျှပ်စစ်ဓာတ်အားစီးဝင်၊ ဓာတ်လိုက်မှုကို လွယ်ကူလျင်မြန်စွာ ဖြစ်ပေါ်စေသဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် ပေါ့ဆ၍မဖြစ်ပါ။ လျှပ်စစ်သတိရှိဖို့ လိုအပ်ပါသည်။

**ကိုယ်တိုင်ကိုင်တွယ်ရွှေ့ပြောင်းတပ်ဆင်ခြင်းမပြုလုပ်သင့်**

ရေဘေးအန္တရာယ်ကြောင့် နေအိမ်များကိုစွန့်ခွာ၍ ရေကင်းလွတ်ရာနေရာသို့ ခေတ္တပြောင်းရွှေ့ရပါက မိမိတို့နေအိမ်ရှိ လျှပ်စစ်မီးခလုတ်များနှင့် မိန်းခလုတ်များကို ပိတ်သွားသင့်ပါသည်။ ရေပြန်ကျ၍ မိမိတို့နေအိမ်သို့ ပြန်ရောက်ပါက လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများဖြစ်သည့် ပလပ်ပေါက်များ၊ အဆို့ခံများ၊ မီးခလုတ်များ၊ မော်တာများ၊ မီးအားမြှင့်စက်များ၊ အင်ဗာတာများတွင်ရေဝင်နေလျှင်၊ ရေစိုနေလျှင်၊ ရေငွေ့များရိုက်ထားလျှင်၊ ရွှံ့ညွန်၊ အမှိုက်သရိုက်များကပ်ငြိနေလျှင် ကိုယ်တိုင်သန့်ရှင်းရေးလုပ်ခြင်း၊ ကိုယ်တိုင်ကိုင်တွယ်ရွှေ့ပြောင်းတပ်ဆင်ခြင်း၊ ပြုပြင်ခြင်းမပြုလုပ်သင့်ပါ။ လျှပ်စစ်နှင့်ပတ်သက်၍ တတ်ကျွမ်းနားလည်သူများကို ခေါ်ယူပြသကာ လိုအပ်သလိုလုပ်ဆောင်သင့်ပါသည်။ လျှပ်စစ်အန္တရာယ်ရှိ၊ မရှိစစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းမှသာ လျှပ်စစ်ဓာတ်အားကို စိတ်ချလက်ချသုံးစွဲစေလိုပါသည်။ လျှပ်စစ်အန္တရာယ်ရှိ၊ မရှိကို မစစ်ဆေးဘဲ အလျင်စလို မသုံးစွဲကြရန် သတိပေးလိုပါသည်။

ရေကြီး ရေလျှံ၊ ရေနစ်မြုပ်နေချိန် မသွားမဖြစ်၍ သွားလာရာ၌ ရေစိုနေသော၊ ရေနစ်မြုပ်နေသောဓာတ်တိုင်များ၊ ထရန်စဖော်မာများကို ကာရံထားသော သံဆန်ခါများ၊ တိုင်များကိုအားပြုကိုင်တွယ်ခြင်းမှရှောင်ကြဉ်ကြပါ။ လျှပ်စစ်အန္တရာယ်ရှိပါသည်။

မိမိတို့၏နေအိမ်၊ ခြံဝင်း၊ အိမ်အမိုးပေါ်နှင့် မိမိတို့ပတ်ဝန်းကျင်၌ လျှပ်စစ်ဓာတ်အားလိုင်းများ၊ အိမ်သွယ်ဆားဗစ်ကြိုးများပျက်ကျနေသည်ကို တွေ့ရှိရပါကလည်း ကိုယ်တိုင်ကိုင်တွယ်ဖယ်ရှားခြင်း၊ သူတစ်ပါးကိုစေခိုင်းခြင်းမပြုလုပ်ကြပါနှင့်။ နီးစပ်ရာလျှပ်စစ်ရုံးသို့ အသိပေးပြီး လျှပ်စစ်ရုံးမှတာဝန်ရှိသူများ လာရောက်ရှင်းလင်းဖယ်ရှားသည်ကို စိတ်ရှည်စွာစောင့်ရန်လိုအပ်ပါမည်။

၂၀၁၉ ခုနှစ် ဩဂုတ်လကဖြစ်ပွားခဲ့သော ရေကြီးရေလျှံရာမှ ရေပြန်ကျချိန်တွင် ပိတ်ထားသော စာသင်ကျောင်းများ ပြန်ဖွင့်ရန်အတွက် ရေနစ်မြုပ်ချိန်ကကျန်ရှိသော အမှိုက်သရိုက်များ၊ ရွှံ့များကို ရှင်းလင်း၍ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများရှိ ရွှံ့များ၊ အမှိုက်များရှင်းရာမှ ကျောင်းသား ကျောင်းသူတချို့ ဓာတ်လိုက်သေဆုံးဒဏ်ရာရရှိကြသည်။

အလားတူ ရေပြန်ကျ၍ အိမ်ပြန်ကြသူများထဲမှလည်း အိမ်ကိုရှင်းလင်းရာမှ ဓာတ်လိုက်သေဆုံးသူများရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ အသက်ကိုဉာဏ်စောင့်၊ ဉစ္စာကိုကံစောင့်ဆိုသကဲ့သို့ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးရေလျှံ၊ ရေနစ်မြုပ်နေချိန်နှင့် ရေပြန်ကျချိန်တို့တွင် တွေ့ကြုံရတတ်သည့် ဓာတ်လိုက်မှုများ၊ လျှပ်စစ်အန္တရာယ်များကို ရှောင်ရှားနိုင်ကြပါစေရန် မေတ္တာရှေ့ထား၍ ရေးသားအသိပေးလိုက်ရပါသည်။ ။

■ ရှေ့ဖုံးမှ

၁၃၈ ချက်သော ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ကော်မတီဝင် ဦးခင်မောင်ထွေးက ပြောသည်။

YRTC မှ တရားဝင် သတ်မှတ်ထားသည့် ယာဉ်စီးခနှုန်းထားများမှာ အနည်းဆုံး ငွေကျပ် ၁၀၀ မှ အများဆုံး ငွေကျပ် ၄၀၀ အထိ သတ်မှတ်ထားကြောင်း၊ ယာဉ်စီးခ ပိုမိုကောက်ခံသည့် ယာဉ်များအပြင် ယာဉ်အကူ (စပယ်ယာ) တင်ဆောင်သည့် YBS ယာဉ်များကိုလည်း CNG တစ်နှစ် (သို့မဟုတ်) ခြောက်လ ပိတ်သိမ်းအရေးယူလျက်ရှိကြောင်း၊ လက်ရှိ CNG ပိတ်သိမ်းအရေးယူထားသည့် ယာဉ်အစီးရေ ၅၃၉ စီးရှိပြီး ပိတ်သိမ်းကာလ သုံးလ၊ ခြောက်လပြည့်ပြီး ယာဉ်အစီးရေ ၃၄၅ စီးနှင့် ဆက်လက်အရေးယူထားသည့် ယာဉ်အစီးရေ ၁၉၄ စီးရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် တစ်ရက်လျှင် YBS ယာဉ်လိုင်း ၁၁၆ လိုင်းမှ ယာဉ်စီးရေ ၃၀၀၀ ကျော်ဖြင့် ခရီးသည် ၁၂ သိန်းကျော်ကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း YRTC မှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## သထုံမြို့နယ်တွင် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ လိုက်လံဆောင်ရွက်

သထုံ ဩဂုတ် ၁၈

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတ ရရှိစေရေးအတွက် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက ဘင်လှိုင်ရပ်ကွက်ရှိ အမက (မော်ကျော့)၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် အမက(မော်ကျော့) ကျောင်းအုပ် ဆရာကြီး ဦးမြင့်အောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးသန်းတို့က ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ ခင်းကျင်းပြသပေးပြီး ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများ အသိပညာ တိုးပွားရေး စာအုပ်စာပေများကို စုပေါင်းဖတ်ရှုကြစေကာ စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■



✪ မန္တလေးတိုင်းဒေသကြီးမှ

လူဦးရေပေါင်း ၂၅ သိန်းကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရေလွှမ်းခြုံမှုရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းထိ ရှိနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စောက ပြောသည်။

"တိုင်းဒေသကြီးအတွင်းမှာ ဦးစီးဌာန စဖွဲ့စည်းတဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကနေ ၂၀၂၁-၂၀၂၂ ခုနှစ်ခြောက်လဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေနဲ့ လူဦးရေ ၂၅ သိန်းကျော်အတွက် ရေရရှိရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဆောင်ရွက်ပေးတဲ့အခါ တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်း၊ အခြားရေရရှိရေး လုပ်ငန်းပေါင်း ၂၈၀၀ ကျော်နဲ့ ဆောင်ရွက်ပေးခဲ့တယ်။ ကုန်ကျငွေက ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ စုစုပေါင်း ၂၉၉၆၇ ဒသမ ၈၇၃ သန်းနဲ့ ရေရရှိရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း နှစ်စဉ်ကျေးရွာတွေမှာ ရေရရှိရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အပူပိုင်းဇုန်ဖြစ်တာကြောင့် နွေရာသီရောက်ပြီဆိုရင် ရေထိပ်တွေလျော့ကျတာ၊ မြေသားရေကန်တွေ ခန်းခြောက်တာ၊ စိမ့်စမ်းတွေဆိုရင် ရေထွက်နည်းသွားတာ နှစ်စဉ်ကြုံရပါတယ်။ နည်းပေါင်းစုံနဲ့ ရေရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသော်လည်း နှစ်စဉ်မှာ ရေမလုံလောက်တဲ့ ကျေးရွာတွေရှိခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်မှာလည်း ရေရရှိရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားဖို့လည်း ရှိပါတယ်"ဟု ၎င်းက ရှင်းပြသည်။

တိုင်းဒေသကြီးအတွင်း ရေရရှိရေးလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကမ္ဘာ့ဘဏ်ကထောက်ပံ့သည့် လူထုဗဟိုပြုစီမံကိန်းဖြင့်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၆၃၇ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၃၇၃ ခုကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၇၉ ရွာ၊ ရေရရှိရေးလုပ်ငန်းပေါင်း ၇၉ ခုကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အတူ တိုင်းဒေသကြီးအတွင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ကျေးရွာပေါင်း ၂၁၅ ရွာ၊ ရေရရှိရေးလုပ်ငန်းပေါင်း ၃၂၂ ခုကို ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဘီးလင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ဘီးလင်း ဩဂုတ် ၁၈**

ဘီးလင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အထက(ခွဲ)ဝင်းက၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် အထက (ခွဲ) ဝင်းကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးပပည္ဍန့်က ဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများ အတွေးအခေါ်မြင့်မားဖို့ စာပေလေ့လာဖတ်ရှုစို့ ခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောခဲ့သည်။ ထို့နောက် အထက(ခွဲ)ဝင်းကမှ ဆရာမများက လူကုန်ကူးမှု၏ အဓိပ္ပာယ်နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ပေါ်ပေါက်လာပုံ၊ လူကုန်ကူးခံရမှုဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်းများ၊ လူကုန်ကူးမှုကို ဖြစ်စေတတ်သော အင်္ဂါရပ်များနှင့် လူကုန်ကူးသူများအား အရေးယူနိုင်သည့် ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်မြင့်မားရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပပေးပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**ရမည်းသင်း ဩဂုတ် ၁၈**

ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာတည်ထောင်ဖွင့်လှစ်ခဲ့သည့် (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ရွှေသင်းဘိုးဘွားရိပ်သာဓမ္မာရုံခန်းမ၌ ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီက ကျင်းပသည်။

**ဂါရဝပြုလက်ဆောင်ပေးအပ်**

အခမ်းအနားတွင် အဘိုးအဘွားများအား နှစ်ပတ်လည်ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ဘိုးဘွားရိပ်သာကော်မတီက ပေးအပ်သည်။ ဆက်လက်၍ အမှတ်(၃)အခြေခံလေ့ကျင့်ရေးတပ်ရင်းမှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦး- ဒေါ်ရွှေစင်ပြုံး မိသားစုက ဂါရဝပစ္စည်းနှင့် ဝတ္ထုငွေများ ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာတည်တံ့ခိုင်မြဲရေးအတွက် ငွေပဒေသာပင် တစ်သိန်းကျပ် စိုက်ထူလှူဒါန်းသည်။

ထို့နောက် အမှတ်(၃) အခြေခံလေ့ကျင့်ရေးတပ်မှ ဗိုလ်ကြီး ဒေါက်တာသက်လှိုင်စိုးနှင့် စစ်သူနာပြုဆရာမတို့က အဘိုးအဘွားများနှင့် ဝန်ထမ်းများ၊ ကော်မတီဝင်များ၊ အခမ်းအနားတက်ရောက်လာသူ သက်ကြီးရွယ်အိုတို့အား ကျန်းမာရေးအခမဲ့စမ်းသပ်စစ်ဆေး၍ ဆေးကုသပေးကာ လိုအပ်သောဆေးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**၁၄၄**

## ရေကြည်မြို့နယ်၌ ဝေန်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း ငါးမျိုးစိုက်ထည့်



**ရေကြည် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင် ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက် သောင်ရွာကူတို့ဆိပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးလွင်က ငါးမျိုးစိုက်ထည့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေကြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးနှင့် တာဝန်ရှိသူများက အင်းသားကြီးများနှင့် ငါးမွေးတောင်သူများထံ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ခဲ့ကာ ဝေန်မြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၃၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းအား ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများသို့ အိမ်သုံးဆိုလာများ ထောက်ပံ့ ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ငလုံးစုကျေးရွာအုပ်စုအတွင်းရှိ တောင်ရင်းကြီးကျေးရွာ၊ ကျောက်ဆိပ်ကျေးရွာနှင့် အဟောင်းတောင်ကျေးရွာများသို့ အိမ်သုံးဆိုလာ ၉၆ စုံ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောက်ဖြူခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစံက လှူဒါန်းရသည့် အကြောင်းရင်းနှင့် အိမ်သုံးဆိုလာ အသုံးပြုပုံများကို ရှင်းလင်းပြောကြားကာ ကျေးရွာများမှ တာဝန်ရှိသူများထံ အိမ်သုံးဆိုလာ ၉၆ စုံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းရယ်၌ အခြေခံပညာအလယ်တန်းအဆင့် စိတ်ကြိုက်ပုံပြောပြိုင်ပွဲ ကျင်းပ

**မိုင်းရယ် ဩဂုတ် ၁၈**

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန် အလယ်တန်းအဆင့် စိတ်ကြိုက်ပုံပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက မိုင်းရယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ စိတ်ကြိုက်ပုံပြောပြိုင်ပွဲတွင် မိုင်းရယ်မြို့ပေါ်မှ အထက(မိုင်းရယ်)၊ အလက(မိုင်းရယ်)၊ မူလွန်(တပ်တွင်း) ကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနခွဲကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

### ခရီးသည်များကိုဓားစာခံလုပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းစာရှင်းလင်းပွဲမစတင်မီ ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည့် စစ်ကိုင်းတံတားဖြစ်စဉ်ကို ပြည်သူလူထုထံ အသိပေးပြောကြားသွားမည်ဖြစ်ကြောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ဧရာဝတီတံတား ရတနာပုံ စစ်ဆေးရေးဂိတ်တွင် အများပြည်သူလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုနေရာတွင် ရန်ကုန်-မုံရွာပြေးဆွဲနေသည့် အာကာသခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ကြောင်း၊ ယင်းအချိန်တွင် ကားပေါ်တွင်ပါလာသည့် PDF အမည်ခံ အကြမ်းဖက်သမားသုံးဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို စတင်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားသုံးဦးက ကားပေါ်တွင်ပါလာသည့် ခရီးသည်တချို့ကို ဆက်လက်ပစ်ခတ်ပြီး ခရီးသည်များကို ဓားစာခံလုပ်၍ အကာအကွယ်ယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားတံတိုင်းသဖွယ်အကာအကွယ်ယူပြီး ပစ်ခတ်နေသည့် အကြမ်းဖက်သမားများကို တိကျစွာချိန်ရွယ်ကာ လက်ရဖမ်းဆီးရမိအောင် ပြုလုပ်ခဲ့ကြောင်း။

ဖြစ်စဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးကို အသေဖမ်းဆီးရရှိပြီး တစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့ကြောင်း၊ ခရီးသည်အမျိုးသားတစ်ဦး PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း၊ ခရီးသည် အမျိုးသမီးတစ်ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းချုပ်ထားပြီး လူသားတံတိုင်းသဖွယ် ရှေ့က အကာအကွယ်ယူပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းသည် ထိခိုက်ဒဏ်ရာ ပြင်းပြင်းထန်ထန်မရရှိဘဲ လက်ယာဘက်ခြေသလုံးတွင် ထိမှန်ခဲ့ပြီး စိုးရိမ်ထိတ်လန့်ရှော့ဖြစ်ကာ သေဆုံးခဲ့ကြောင်း၊ ကျန်ခရီးသည်ငါးဦးသည် မစိုးရိမ်ရ ဒဏ်ရာများရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ခရီးသည်များကို တပ်မတော်ဆေးရုံသို့ပို့ဆောင်ပြီး ယခုအချိန်တွင် ဂရုတစိုက်ဆေးဝါးကုသမှုပေးလျက်ရှိကြောင်း၊ အရှင်ဖမ်းမိသည့် PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးကို စစ်ဆေးမေးမြန်းရာတွင် ကားပေါ်၌ နောက်ထပ်သို၀ှက်သယ်ဆောင်လာသည့် ချေမှုန်းရေးရိုင်ဖယ် အမျိုးအစား သေနတ်အသစ်သုံးလက်နှင့် ခဲယမ်းများကို ထပ်မံဖမ်းဆီးရမိကြောင်း။

ပြည်သူလူထုကို လေးလေးနက်နက်အသိပေးလိုသည်မှာ နံပါတ်တစ်အနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုအချိန်တွင် ပြည်သူလူထု ခရီးသွားလာနေသည့် ခရီးသည်တင်ကားများကို အကာအကွယ်ယူ ဓားစာခံလုပ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာသည်ကိုတွေ့ရကြောင်း၊ ယခုအပတ်ထဲတွင် PDF အမည်ခံအကြမ်းဖက်သမားက Elite ခရီးသည်တင်ကားကို ဖမ်းဆီးမှုများလုပ်ဆောင်ခဲ့သည်ကို မီဒီယာများလည်း အသိဖြစ်ကြောင်း၊ ရန်ကုန်၌လည်း YBS ကားများကို တိုက်ခိုက်လာသည့်ဖြစ်စဉ်များ၊ YBS ကားများပေါ်တွင် မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်မှုများတွေ့ရကြောင်း၊နံပါတ်နှစ်အနေဖြင့် ပြည်သူလူထုကို လေးလေးနက်နက် မေတ္တာရပ်ခံလိုသည်မှာ ခရီးသွားပြည်သူများ၊ ယာဉ်လိုင်းများအနေဖြင့် မသင်္ကာစရာတွေ့ရှိလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြောလိုကြောင်း၊ နံပါတ်သုံးအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့် NUG / PDF အမည်ခံ အကြမ်းဖက်သမား၏ ခရီးသည်တင်ယာဉ်လိုင်းများကို တိုက်ခိုက်မှု၊ ခရီးသည်များကို ဓားစာခံလုပ်နေမှု၊ လူသားတံတိုင်းသဖွယ် အသုံးချမှုများကို သိရှိရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို အားမပေးရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### မေးခွန်းတစ်ခုစီမေးမြန်း

ဆက်လက်၍ ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောမည့်အကြောင်းအရာများမှာ (တစ်) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု ၁၈ လတာကာလ အခြေအနေများ၊ (နှစ်) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ (သုံး) နိုင်ငံတကာဆက်ဆံရေး၊ (လေး) ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းများ တွဲဖက်ဖွင့်လှစ်မှုအခြေအနေများ၊ (ငါး) အကြမ်းဖက် NUG နှင့် PDF အဖွဲ့ဆိုင်ရာ ကိစ္စများဖြစ်ကြောင်း၊ (တစ်) မှ(ငါး)အထိ မိမိအနေဖြင့် ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အပိုင်းများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေကဏ္ဍဖြစ်ကြောင်း၊ မေးခွန်းများမေးမြန်းရာတွင် စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း။

ပထမဦးဆုံးအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု ၁၈ လတာကာလ အခြေအနေများကို တင်ပြလိုကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၂)ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန် ထမ်းဆောင်နေရစဉ်အတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ပြောကြားခဲ့ကြောင်း။

### ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကဦးစီးပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံရေးပါတီများစစ်ဆေးခြင်း၊ မဲဆန္ဒရှင်များစာရင်းပြုစုခြင်းတို့ အပါအဝင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့နှင့်အညီ နိုင်ငံရေးပါတီများ၏ စာရင်းများကိုစစ်ဆေးခဲ့ရာ ပါတီ ၈၅ ပါတီကို စစ်ဆေးခဲ့ပြီး စစ်ဆေးရန်ကျန်ပါတီများကို ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုတင်ပြခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် နိုင်ငံသားကတ်မရှိဘဲ မဲပေးသူ ၄,၈၆၉,၄၂၇ ဦး (၄ ဒသမ ၈ သန်းကျော်)ရှိသည့်အတွက် လာမည့် ရွေးကောက်ပွဲတွင် ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအနက် အကျုံးဝင်သူဦးရေ ၃,၄၉၁,၃၆၄ဦး (၃ ဒသမ ၄ သန်း ကျော်)ကို ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ပန်းခင်းစီမံချက်ကို နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိရာ ၁၈ လတာကာလအတွင်း ၃,၃၄၀,၁၃၀(၃ ဒသမ ၃ သန်း) ခန့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးရေး ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့်ကိစ္စများ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများတွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ကို အခြေခံပြုစုထားသည့် စာရင်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ရှေ့ပြေးလုပ်ငန်းစီမံချက်အခြေခံမဲဆန္ဒရှင် စာရင်းများ ပြည့်စုံမှန်ကန်ရန်အတွက် မြေပြင်လူဦးရေစာရင်းနှင့်တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစီမံချက်(Pilot Project)ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင်လအထိ မြို့နယ် ၂၉၈ မြို့နယ် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ မြို့နယ် ၁၄ မြို့နယ်အား ဆောင်ရွက်ဆဲဖြစ်ပြီး မြို့နယ် ၁၃ မြို့နယ်၌ ဆောင်ရွက်ရန် ကျန်ရှိနေသည့်ကိစ္စရပ်များ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့နယ်များရှိကြောင်း၊ အကြမ်းဖက်မှုများကြောင့် နယ်မြေအေးချမ်းမှု မရှိသည့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှဖြစ်ပြီး ပြီးစီးအောင်ဆက်လက်ဆောင်ရွက်ရန် တင်ပြခဲ့ကြောင်း။

### ဒီမိုကရေစီစနစ်ကိုဖော်ဆောင်

ဒီမိုကရေစီစနစ်နှင့်ရွေးချယ်ခံရပြီး ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည်ဆိုသည့် အစိုးရများ လက်ထက်တွင် ရွေးကောက်ပွဲမကျင်းပဖြစ်သည့်အတွက် ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးရသည့် တိုင်းရင်းသားဒေသများ များပြားလာသည်ကို သတိပြုဖွယ် တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိနေကြောင်းကို တင်ပြခဲ့ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ(Guardian)အဖြစ် တာဝန်များကို ဆက်လက် ထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ တာဝန်များကို အောင်မြင်ပြီးမြောက်သည်အထိ ထမ်းဆောင်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအား နောက်ထပ်ခြောက်လသက်တမ်းတိုး တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း။

ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများသို့ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း၊ မိန့်ခွန်းတွင် နိုင်ငံရေးနှင့် လုံခြုံရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ဆောင်ရွက်နေမှု၊လူမှုရေးဆိုင်ရာ ကိစ္စရပ်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလတန်းအဆင့်အထိ ပညာမသင်မနေရဟုပြဋ္ဌာန်းထားသော်လည်း အစိုးရအနေဖြင့် KG+ 9 အထိ သင်ကြားနိုင်ရေးနှင့် အခမဲ့သင်ကြားနိုင်ရန် ဆောင်ရွက်ပေးထားလျက်ရှိသည်ကို ပြောကြားခဲ့ကြောင်း။ **စာမျက်နှာ ၁၁ သို့** ❖



❖ စာမျက်နှာ ၁၀ မှ

အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတွင် နိုင်ငံတော်သာယာဝပြောရန်အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထိခိုက်မှုအနည်းဆုံးနှင့် ချမှတ်ထားသည့် အမျိုးသားရေးလုပ်ငန်းစဉ်များကို စိတ်ရှည်သည်းခံဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးမှုအရိပ်၊ အေးချမ်းမှုအရိပ်တို့ မြို့ပြနှင့်ကျေးလက်ဒေသများပါမကျန် လွှမ်းခြုံသွားရန် ဆက်လက်လုပ်ဆောင်နေမှုများ၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်အောင် စီမံဆောင်ရွက်နေမှုနှင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဦးစားပေးဆောင်ရွက်နေမှုများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ခေတ်မီနည်းစနစ်များနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ပြောကြားခဲ့ကြောင်း။ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးသည့်အတွက် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးပူးပေါင်းပြုစုဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များ ပြုစုခြင်းစသည့် ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း။

**တရားမျှတသည့် ရွေးကောက်ပွဲ**

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် မဲစာရင်းများ ပြည့်စုံစေရေးနှင့် မဲစာရင်းများ မှန်ကန်ရန် အလွန်အရေးကြီးကြောင်း၊ ထိုသို့ ပြည့်စုံမှန်ကန်မှ မဲဆန္ဒရှင်ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ကို ပြည့်ဝစွာ ဖော်ထုတ်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံသားတိုင်း၏ ဒီမိုကရေစီအခွင့်အရေးကို အလေးထားတန်ဖိုးထားရာရောက်မည်ဖြစ်ကြောင်း၊ ယင်းတို့ကို အချိန်ယူပြီး အသေးစိတ်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလျဉ်းသင့်၍ ဖြည့်စွက်ပြောကြားလိုသည်မှာ မိမိတို့အစိုးရအနေဖြင့် ယခင်သတင်းစာရှင်းလင်းပွဲများတွင် မီဒီယာတချို့က တင်ပြမေးမြန်းထားသည်များရှိကြောင်း၊ ယင်းသည် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးတာဝန်ထမ်းဆောင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်ပေးနိုင်ရေး ရှိ/မရှိ ဖြစ်ကြောင်း၊ ယမန်နေ့က လက်တွေ့ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း၊ ယမန်နေ့က NLD လွှတ်တော်ကိုယ်စားလှယ် ၂၁၇ ဦး အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၄၉၁ ဦးကို နိုင်ငံရေးပင်စင်ခံစားခွင့်ပြုခဲ့ကြောင်း၊ မိမိတို့အစိုးရကို စွပ်စွဲနေသောစွပ်စွဲချက်များဖြစ်သည့် NLD ကိုယ်စားလှယ်ဖြစ်၍၊ NLD ပါတီဝင်ဖြစ်၍ လုပ်သည်ဆိုသည့်အချက်အား ယင်းအရာများကို ကြည့်ခြင်းအားဖြင့် သိနိုင်ကြောင်း၊ အစိုးရအနေဖြင့်ငြိမ်းချမ်းစွာ နေထိုင်လိုသူများနှင့် အကြမ်းဖက်များကို ခွဲခြားဆောင်ရွက်နေသည်မှာ လက်တွေ့ဖြစ်သည်ကို မိမိပြောလိုကြောင်း။

ဆက်လက်ပြီး ဩဂုတ် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥက္ကဋ္ဌများပါဝင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အစည်းအဝေးတွင် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေးစသည့်အကြောင်းအရာများကို တင်ပြဆွေးနွေးခဲ့ကြောင်း။

စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆန်သည် အဓိကပို့ကုန်ဖြစ်သည့်အတွက် ထုတ်လုပ်မှုကောင်းမွန်အောင် ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများနှင့် အထွက်နှုန်းကို မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြရန် အစိုးရပိုင်းအနေဖြင့် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေများရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးသွားရမည့် ကိစ္စရပ်များ၊ နိုင်ငံအတွင်းတွင် မိုးစပါးစိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက် ဧကသုံးသန်းခန့်ရှိသည့်အတွက် မိုးစပါးတစ်ဧကပျမ်းမျှ ၇၅ တင်းခန့်ထွက်ရှိ နေရာမှ တင်း ၈၀ ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုလျှင် စပါးတင်း ၇၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ နွေစပါးကိုလည်း တစ်ဧကပျမ်းမျှ ၈၅ တင်းခန့် ထွက်ရှိနေရာမှ တင်း ၉၀ ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၁၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ စပါးတင်းစုစုပေါင်း သန်း ၉၀ ခန့် ပိုလာရေးရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လက်ရှိစိုက်ဧကတွင် အဖြစ်နိုင်ဆုံးအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်သွားလျှင် စပါးတင်း ၁၅ သန်း၊ ဆန်အနေဖြင့် တန်ချိန် ၁ ဒသမ ၀၈ သန်း ပိုမိုထွက်ရှိမည်ဖြစ်ကြောင်း၊ လက်ရှိဆန်ပေါက်စျေးအရ တန် တစ်သန်းကို အမေရိကန်ဒေါ်လာ သန်း ၃၅၀ နှင့် တွက်ချက်ကြည့်လျှင် တိုင်းပြည်ဝင်ငွေ အနည်းဆုံးဒေါ်လာ သန်း ၃၅၀ ရှိလာမည်ဖြစ်ကြောင်း၊ ယင်းဝင်ငွေနှင့် စိုက်ပျိုးရေးသမားများ လိုအပ်နေသည့် အဓိကသွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ စိုက်ပျိုးရေးကိရိယာများကို တင်သွင်းပြီး ပိုမိုအဆင့်မြှင့်နိုင်မည်ဖြစ်ကြောင်း။

ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသည့်အတွက် လျှော့ချသွားရန်နှင့် ရေနံထုတ်လုပ်မှုလုပ်ငန်းများကို တိုင်းပြည်အတွက် အကျိုးရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး ပြည်တွင်းတွင် အထိုက်အလျောက် ရေနံထွက်ရှိသည့် အချို့ဒေသများမှ တွင်းတိမ်ရေနံတူးဖော်ထုတ်လုပ်မှုများ စနစ်တကျဖြစ်ရန် ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် လျှပ်စစ်ထုတ်လုပ်နိုင်သည့် လုပ်ငန်းများ၊ စီမံကိန်းများ ဆောင်ရွက်သွားကြရန်လိုအပ်ပြီး လာမည့်နှစ်တွင် ဒေသအလိုက် လျှပ်စစ်ဓာတ်အားဖူလုံစေရန် ရေအား၊ ဆိုလာလျှပ်စစ်စနစ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ကြံ့ဆဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း၊ ယင်းကိစ္စများသည် နိုင်ငံတော်က လုပ်ဆောင်နေသည့် လျှပ်စစ်စီမံကိန်းများနှင့် မတူဘဲ ဒေသအလိုက် လျှပ်စစ်စွမ်းအားဖူလုံရေး လုပ်ဆောင်နိုင်မည့်အခွင့်အရေးဖြစ်သည့်အတွက် လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံရေးအခင်းအကျင်းကို ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် ယခုလာမည့်ခြောက်လအတွင်း နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားရန်လိုကြောင်းတို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများမှ ဝန်ကြီးချုပ်များ၊ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအားလုံးပါဝင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခင်အစိုးရအဆက်ဆက်တွင် ပြုလုပ်ခဲ့ခြင်း မရှိသည်ကို တွေ့ရကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍတစ်ခုချင်းအလိုက် စီးပွားရေးကော်မရှင်အစည်းအဝေးကဲ့သို့ ပြုလုပ်ခဲ့ခြင်းရှိလိမ့်မည်ဖြစ်ကြောင်း၊ အားလုံးစုံစုံညီညီပါဝင်သည့် တင်ပြမှု၊ အစည်းအဝေးများကို ပြုလုပ်ခဲ့ခြင်းမရှိဘဲ ယင်းအစည်းအဝေးသည် ပထမဦးဆုံးအကြိမ်အစည်းအဝေးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် အစိုးရများ၏ ဆောင်ရွက်ချက်များကို အသေးစိတ်ပြောဆိုဆွေးနွေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက်အစိုးရများအနေဖြင့် ၎င်းတို့ကိုပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အာဏာများကို အသုံးပြုပြီး လွတ်လပ်စွာဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းများကို ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့အစိုးရ၏ နိုင်ငံရေးရည်မှန်းချက်ထဲတွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေး ပါဝင်ကြောင်း၊ ယင်းအချက်ကို မိမိတို့ ခိုင်ခိုင်မာမာအာမခံထားကြောင်း၊ ယင်းအစည်းအဝေးတွင် မိမိတို့လက်တွေ့ကျကျလမ်းခင်းပေးခြင်း၊ လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း။

**လူမှုစီးပွားဘဝကို မြှင့်တင်**

ဩဂုတ် ၁၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်း အခမ်းအနားသို့တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် အဆိုပါ အခမ်းအနားပြုလုပ်ခြင်းသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေကျပ် ၄၉၁ ဘီလီယံအသင့်ထားရှိကြောင်း၊ ယင်းငွေများကို ဒီအတိုင်းထား၍ ငွေအိပ်နေမည့်အစား ပြည်သူလူထု၏ လူမှုစီးပွားဘဝကို အထိရောက်ဆုံးနှင့် အမြန်ဆုံး မြှင့်တင်နိုင်ရန် ငွေကျပ် ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခဲ့ကြောင်း၊ တချို့သော ပြည်ဖျက်မီဒီယာများအနေဖြင့် ငွေကျပ် ဘီလီယံ ၄၀၀ ကို ငွေစက္ကူအသစ် ရိုက်နှိပ်ထုတ်ဝေသည်၊ ငွေကြေးဖောင်းပွအောင် လုပ်ခြင်းဖြစ်သည်ဟု စွပ်စွဲနေခြင်းကို အံ့ဩဖွယ်ရာတွေ့ရှိရကြောင်း၊ ငွေကျပ် ဘီလီယံ ၄၀၀ သည် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယခင်ကတည်းက သီးသန့်ထားရှိခဲ့သည့် ငွေများဖြစ်ကြောင်း၊ ယင်းကို အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ပြောလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဟူ၍ နှစ်မျိုးခွဲမြှင့်တင်ဆောင်ရွက်နိုင်ရန် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လက်ရှိထုတ်ပေးသည့် ရန်ပုံငွေများသည် နိုင်ငံတော်က ရင်းနှီးငွေပေးအပ်ထားခြင်းဖြစ်ကြောင်း၊ နောင်လာမည့်ရာသီများတွင် ပြန်လည်ရရှိလာမည့် အဆိုပါ ငွေကြေးကိုပင် ရင်းနှီးမြှုပ်နှံနိုင်ရန် ထပ်မံထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းအထဲတွင် မြစိမ်းရောင်စီမံကိန်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွတ်လွတ်လပ်လပ် အရင်းမပျောက်မတည်ငွေအဖြစ် လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငွေကျပ် ဘီလီယံ ၄၀၀ အနက် ငွေကျပ်ဘီလီယံ ၃၃၀ ကို နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ရန်ပုံငွေအဖြစ် တိုင်းဒေသကြီး/ ပြည်နယ်သက်ဆိုင်ရာဝန်ကြီးဌာနများကို လွှဲပြောင်းထားပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်ငွေများကို အခြားလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ဆွေးနွေးတိုင်ပင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်ရှိသည့်ဒေသများကို သီးခြားအစီအစဉ်ဖြင့် တင်ပြမှုရှိကလည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ထပ်မံစီမံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝကို လက်တွေ့ကျကျ မြန်မြန်ဆန်ဆန် မြှင့်တင်သွားနိုင်မည့် နိုင်ငံတော်အကြီးအကဲ၏အစီအမံ စေတနာအမှန်ဖြစ်သည်ဟု တင်ပြလိုကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ**

ဆက်လက်၍ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် ထားရှိပြီး ကိုယ်တိုင်ကိုယ်ကျဆွေးနွေးရန် EAO အဖွဲ့များကို ဖိတ်ခေါ်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံမှု ၁၀ ကြိမ်၊ ညှိနှိုင်းရေးအဖွဲ့များနှင့် ၇၆ ကြိမ် တွေ့ဆုံမှုရှိခဲ့ကြောင်း၊ တိုင်းရင်းသားအရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “တွေ့ဆုံဆွေးနွေးမှုကတစ်ဆင့် တိုင်းရင်းသားများနှင့် တိုင်းရင်းသားဒေသများကို အခွင့်အရေးများပေးအပ်နိုင်ရန်ဆောင်ရွက်ရန်သာ အဖြေရှိကြောင်း၊ တိုင်းရင်းသားများသည် ၎င်းတို့၏ အခွင့်အရေးများ၊ နစ်နာမှုများကို တရားဝင်နိုင်ငံရေးစင်မြင့်တွင် ပြောခွင့်၊ ဆိုခွင့်၊ တောင်းဆိုခွင့် ပေးရမည်ဖြစ်ကြောင်း၊ ယင်းတို့ကို ပေးရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များသာဖြစ်ကြောင်း၊ တရားဝင်ပြောရေးဆိုခွင့်ရှိသည့် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် လွှတ်တော်အသီးသီး၌ တိုင်းရင်းသားများ၊ လူထုလူတန်းစားများ၏ အလွှာအသီးသီးကို ကိုယ်စားပြုသည့်သူများ ပါဝင်နိုင်ရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရန် လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားကိုယ်စားလှယ်များ ပိုမိုပါဝင်နိုင်ရန် အလေးထားဆောင်ရွက်မှုသည် နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားပြည်သူလူထုအပေါ်တွင် ထားရှိသည့် စိတ်ရင်းစေတနာထက်သန်မှုကို ဖော်ပြခြင်းဖြစ်ကြောင်း။

တွေ့ဆုံဆွေးနွေးရာမှတစ်ဆင့် ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်ပြီးဖြစ်သင့်သည်နှင့် ဖြစ်လိုသည်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁/၂/၃)ပါ သဘောတူညီချက်များနှင့် အစိတ်အပိုင်း(၃) ပါ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား(၂) ပါ အချက်များကို ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးက မျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေးအဆင့်တစ်ခု ရောက်ရှိအောင် ဆောင်ရွက်နေခြင်းဖြစ်သည်ကို အသိပေးပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် ဆွေးနွေးပြီးခဲ့သည့် EAOအဖွဲ့များနှင့်လည်း ဒုတိယအကြိမ် ဆွေးနွေးမှုများကို နောက်လတွင် ပြုလုပ်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၉၃၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၅) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁) ဦးအနက် (၁၆) ဦး (၅၁.၆) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၅) ဦး (၄၈.၄) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၄၇,၃၇၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၅၄၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၁၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုး ဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၁၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၆) ဦး | (၅၁.၆) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၅) ဦး | (၄၈.၄) % |
| စုစုပေါင်း | (၃၁) ဦး | (၁၀၀) % |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၀၆၅၄၀၃ | ၉၀၂၅၂၃၁၇ | ၁၀၆၄၂၀၇ |
| ၂။ | အိန္ဒိယ | ၄၄၂၉၈၈၆၄ | ၄၃၆၇၀၃၁၅ | ၅၂၇၂၀၆ |
| ၃။ | ပြင်သစ် | ၃၄၂၇၆၀၈၁ | ၃၃၅၈၇၉၁၆ | ၁၅၃၃၃၅ |
| ၄။ | ဘရာဇီး | ၃၄၂၂၃၂၀၇ | ၃၃၁၂၈၁၉၈ | ၆၈၂၀၇၄ |
| ၅။ | ဂျာမနီ | ၃၁၇၂၅၁၆၀ | ၃၀၅၂၀၄၀၀ | ၁၄၆၂၁၄ |
| ၆။ | ဗြိတိန် | ၂၃၄၆၀၇၈၇ | ၂၃၀၇၀၄၆၇ | ၁၈၇၀၁၈ |
| ၇။ | တောင်ကိုရီးယား | ၂၁၈၆၁၂၉၆ | ၁၉၇၅၀၂၉၈ | ၂၅၈၁၃ |
| ၈။ | အီတလီ | ၂၁၅၅၄၆၂၆ | ၂၀၅၄၅၅၆၆ | ၁၇၄၃၀၀ |
| ၉။ | ရုရှား | ၁၉၀၀၀၀၅၅ | ၁၈၂၁၆၂၄၁ | ၃၈၃၃၆၂ |
| ၁၀။ | တူရကီယဲ | ၁၆၆၇၁၈၄၈ | စိစစ်ဆဲ | ၁၀၀၄၀၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၇၆၅၇၁ | ၁၀၀၄၉၂၁၅ | ၄၃၁၀၃ |
| ၂။ | အင်ဒိုနီးရှား | ၆၃၀၁၅၂၃ | ၆၀၉၂၃၀၆ | ၁၅၇၃၁၇ |
| ၃။ | မလေးရှား | ၄၇၄၄၉၂၉ | ၄၆၆၇၁၁၁ | ၃၆၁၁၇ |
| ၄။ | ထိုင်း | ၄၆၂၈၂၀၀ | ၄၅၇၆၂၆၃ | ၃၁၉၄၇ |
| ၅။ | ဖိလစ်ပိုင် | ၃၈၄၄၇၀၈ | ၃၇၄၇၃၇၂ | ၆၁၂၂၁ |
| ၆။ | စင်ကာပူ | ၁၈၀၅၆၉၈ | ၁၇၂၁၀၇၆ | ၁၅၆၇ |
| ၇။ | မြန်မာ | ၆၁၄၅၄၁ | ၅၉၃၁၆၉ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၂၉၂၀ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၃၄၉ | ၁၃၄၀၅၂ | ၃၀၅၆ |

## သနပ်ပင်မြို့နယ်၌ ဆန်တစ်ပြည် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိ

သနပ်ပင် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် သနပ်ပင်မြို့နယ်၌ ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ယနေ့ နံနက်ပိုင်းက မြို့မဈေးလမ်းဆုံနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် သနပ်ပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများက မြို့ပေါ်ရပ်ကွက်အတွင်းရှိပြည်သူများ ဆန်စားသုံးမှု အခက်အခဲမရှိစေရန် ဆန်အိတ် ၁၅၀ အား သတ်မှတ်ရက်အလိုက် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ မိုဘိုင်းဖုန်းဖြင့် သတင်းဗီဒီယိုတည်းဖြတ်သင်တန်း ဖွင့်လှစ်

ပန်းတောင်း ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် မိုဘိုင်းဖုန်းဖြင့် သတင်းဗီဒီယိုတည်းဖြတ်နည်းသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းမိုဘိုင်းဖုန်းဖြင့် သတင်းဗီဒီယိုတည်းဖြတ်နည်းအဆင့်ဆင့်နှင့် အရုပ်ဖိုင်၊ အသံဖိုင်များအား Software အသုံးပြု၍ ကိုယ်ပိုင်တီထွင်ကြံဆ လက်တွေ့ပြုလုပ်နည်းတို့ကို မျှဝေဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၃ ဦးဖြင့် ဩဂုတ် ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာပို့ချသင်ကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကမ္ဘောဒီးယားအစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၇၄၄ သန်း ပေးအပ်ပြီးဖြစ်

**ဖနောင်ပင် ဩဂုတ် ၁၈**

ကမ္ဘောဒီးယားအစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်သွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ပေးလျက်ရှိရာ လက်ရှိအချိန်အထိ အိမ်ထောင်စုခုနစ်သိန်းခန့်အား အမေရိကန်ဒေါ်လာ ၇၄၄ သန်းကျော်ကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ပေးသည့် အဆိုပါအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် စတင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အစိုးရအဖွဲ့က အမေရိကန်ဒေါ်လာ ၇၄၄ ဒသမ ၆ သန်းအား ဆင်းရဲနွမ်းပါးသည့်အိမ်ထောင်စုများအား ပေးအပ်ပြီးဖြစ်ကြောင်းနှင့် တစ်လလျှင် အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် ပံ့မှန်အားဖြင့် သုံးစွဲလျက်ရှိပါကြောင်း လူမှုရေး၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ တက်ချ်ချန်နယ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအလွန်ကာလရောက်ရှိသည့်တိုင် အဆိုပါငွေကြေးထောက်ပံ့မှုအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။


လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃ ဦး တွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၁၃၇၃၄၉ ဦးရှိကြောင်း သိရသည်။ ပြန်လည်ကျန်းမာလာသူပေါင်း ၁၃၄၀၅၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၅၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။



ယခုနှစ်ဧပြီလမှစပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# အာဖဂန်နစ္စတန်နိုင်ငံရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား လူ ၂၁ ဦး အနည်းဆုံးသေဆုံး

**ကဘူးလ် ဩဂုတ် ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ပြင်းထန်သော ဗုံးပေါက်ကွဲမှုတစ်ခု ယမန်နေ့က ဖြစ်ပွားခဲ့ရာ လူ ၂၁ ဦးအနည်းဆုံးသေဆုံးပြီး ၃၃ ဦး ထိခိုက်ဒဏ်ရာများ ရရှိကြောင်း သိရသည်။

အဆိုပါဗုံးပေါက်ကွဲမှုဖြစ်ပွားစဉ် ဘာသာရေးအဆောက်အအုံအတွင်း၌ ဝတ်ပြုသူအများအပြားရှိခဲ့ကြောင်း တာလီဘန်အဖွဲ့က ခန့်အပ်ထားသည့် ရဲအရာရှိများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုဖြစ်စဉ်အား မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခဲ့သလဲဆိုသည်ကို ယခုထိတိုင် မသိရသေးပေ။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်အဖွဲ့ အာဏာရယူထားသည်မှာ တစ်နှစ်တိုင်ရှိပြီဖြစ်သော်လည်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် မတည်မငြိမ်ဖြစ်နေသေးကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ

ဘာသာပြန်- အောင်ကျော်ကျော်

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၁၆ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၈**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၄၄၉၂၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။



ရောဂါ ကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည် ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၃၅၁၃ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅ ဦးထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၁၁၇ ဦးရှိကြောင်း သိရသည်။

သို့သော် လူနာ ၂၅၄၁ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၆၆၇၁၁၁ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၁၇၀၁ ဦးရှိကာ ယင်းတို့အနက် ၉၂ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၄၉ ဦး သည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၁ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

# တောင်ကိုရီးယားနိုင်ငံရှိ အိမ်ထောင်စုများ၏ဝင်ငွေ ယခုနှစ်ဒုတိယနှစ်ဝက်အတွင်း စံချိန်တင်တိုးတက်လာ

**ဆိုးလ် ဩဂုတ် ၁၈**

တောင်ကိုရီးယားနိုင်ငံရှိ အိမ်ထောင်စုများ၏ဝင်ငွေသည် ယခုနှစ်ဒုတိယနှစ်ဝက်အတွင်း စံချိန်တင်တိုးတက်လာခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ အိမ်ထောင်စုများ၏ဝင်ငွေ တိုးတက်လာရခြင်းမှာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ခြင်းနှင့် နိုင်ငံအတွင်းရှိ အသေးစားစီးပွားရေးလုပ်ငန်းများအား ချေးငွေများပေးအပ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ အိမ်ထောင်စုများ၏ လစဉ်ပျမ်းမျှဝင်ငွေသည် ဧပြီမှ ဇွန်လအတွင်း ဝမ် ၄၈၃၁၀၀၀ ရှိခဲ့ပြီး ယင်းပမာဏသည် ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၁၂ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း တောင်ကိုရီးယားစာရင်းအင်းရုံးမှ ပြောကြားသည်။ တစ်လအတွင်း ပျမ်းမျှဝင်ငွေသည် ယခုနှစ်ဒုတိယနှစ်ဝက်အတွင်း ၅ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဝမ် ၂၈၈၇၀၀၀ ရှိခဲ့သည်။ တောင်ကိုရီးယားအစိုးရသည် ဧပြီလမှစတင်၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးကြသောကြောင့် ကုမ္ပဏီများ၏ ဝင်ငွေတိုးတက်လာခဲ့သည်။ နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအား ထောက်ပံ့သည့်ငွေသည် ရာခိုင်နှုန်းအားဖြင့် ယခုနှစ်ဒုတိယနှစ်ဝက်တွင် ၄၄ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၈၅၇၄ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၁၈**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၈၅၇၄ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၈၆၁၂၉၆ ဦး ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။




နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် မြင့်တက်နေကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၁၂၅၄၈၇ ဦး ရှိသည်။

နိုင်ငံအတွင်း ပြည်ပမှ ပြန်လည် ရောက်ရှိလာသူ ၅၃၅၃၇ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၈၁၃ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

❖




## ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်နေ ရဲဘုန်းနိုင်(ခ) ကိုရဲသည် ၎င်းအသုံးပြုသည့် “Ko Ye” Facebook အကောင့်၊ လှိုင်မြို့နယ် (၁၆) ရပ်ကွက် မာလာမြိုင်(၅)လမ်းနေ ပွင့်ဖူးဝေသည် ၎င်းအသုံးပြုသည့် “Pwint Phoo Wai” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက်နေ နန်းမြင့်ဦး(ခ) သန်းသန်းဦးသည် ၎င်းအသုံးပြုသည့် “Nan Myint Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# တွံတေးမြို့နယ်ရှိ သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်များ ငါးမျိုးစိုက်ထည့်

**တွံတေး ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တွံတေးတူးမြောင်းသဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသိန်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် တွံတေးတူးမြောင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇာနည်မောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးရဲဝင်းသောင်းနှင့် ဝန်ထမ်းများက စုပေါင်း၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ငါးသိန်းအား သဘာဝရေပြင်တွံတေးတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

၂၂၂

# ဝိုင်းမော်မြို့၊ မိုးကုတ်မြို့နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးနှင့် လက်နက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဝိုင်းမော်မြို့ အမှတ်(၁)ရပ်ကွက်ရှိ တည်းခိုခန်းသို့ ဝင်ရောက်ရှာဖွေရာ အခန်းအမှတ်(၁၀၆)၌ တည်းခိုနေထိုင်သည့် အေးအေးမာထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့ ရွှေဘုံသာရပ်ကွက်နေ လှမင်း(ခ) အိုက်မောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ်ရှိ စတိုခန်းအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၁၈၀ တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းခမ်းကျေးရွာနေ အိုက်အေး(ခ) စိုင်းအေး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ အေကေ ၄၇ သေနတ်တစ်လက်၊ ယင်းကျည်အိမ် လေးခု၊ ယင်းကျည်အတောင့် ၈၀၊ ခြောက်လုံးပြူးသေနတ် တစ်လက်၊ လေသေနတ်တစ်လက်၊ တူမီးသေနတ်တစ်လက်၊ ပစ္စတိုကျည်အိမ်တစ်ခု၊ ပွိုင့် ၃၈ ကျည် ငါးတောင့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ စိတ်ကြွရူးသွပ်ဆေးအမှုန့် နှစ်ကီလို၊ ပစ္စတိုကျည်အိမ်ခြောက်ခု၊ အေကေ ၄၇ ကျည်အိမ်တစ်ခု တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

# လေပွေလှိုင်းတစ်ခုဖြစ်ပေါ်နေပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင် လေပွေလှိုင်းအရှိန်ကြောင့် မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ရခိုင်ကမ်းရိုးတန်းအနီးတွင် လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါလေပွေလှိုင်းသည် ပိုမိုအားကောင်းလာပြီး နောက်၂၄နာရီအတွင်းဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေပွေလှိုင်း၏အရှိန်ကြောင့် ယနေ့နံနက်မှ ဩဂုတ် ၂၀ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။


မိုး/ဇလ

☆ ကျောဖုံးမှ

ရှော့တိုက်ဒုံးမှာ ဘောလုံးကွင်းဟောင်း ခြံစည်းရိုးအနီးရှိ ကျွန်းပင်ကို ထိမှန်ခဲ့ပြီး ဆေးရုံအုတ်နံရံအား ပေါက်ကွဲစ ထိခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဘောလုံးကွင်းဟောင်းအတွင်းမှ အကြမ်းဖက်ပစ်ခတ်ရာတွင် အသုံးပြုခဲ့သည့် မီးခိုးရောင် မိုးကာအင်္ကျီ တစ်ထည်၊ ဖက်လုံးစွပ်အနီရောင်အပြဲတစ်ခု၊ ဒီဇယ် တစ်ဝက်ခန့်ပါ Alpine 350 ml ရေသန့်ဘူး တစ်ဘူး၊ အနက်ရောင် မီးတိပ်တစ်ခု၊ အချင်းလေးလက်မ ခန့်ရှိ သံကြွပ်အပိုင်းအစ တစ်ခု၊ အလျားသုံးပေ၊ အချင်းလေးလက်မ ခန့်ရှိ PVC ပိုက်အခြမ်း တစ်ခု၊ ဘက်ထရီအိုးခြောက်အသေး တစ်လုံးနှင့်တွဲလျက် ဒီဇယ်စိမ်ထားသည့် ကော်ခွက်ပိုင်းတစ်ခု၊ သားရေကွင်း အလွတ် ၅၀ ခန့်၊ အနီ/ အနက်ရောင် ဝိုင်ယာကြိုး ၁၃ ပေခန့် တစ်ချောင်း၊ အဖြူရောင် ဆာလာအိတ်တစ်လုံး၊ အနက်ရောင် ပလတ်စတစ်တစ်ခု၊ နှစ်ပေခန့်ရှိ သွပ်နန်းကြိုး နှစ်ချောင်းနှင့် အဖြူရောင် Double တိပ်တစ်ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ရန်ကင်းမြို့မရဲစခန်း၌ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/၅၀(ည)တို့ဖြင့် အမှုဖွင့်လှစ်ကာ တရားခံဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သတင်းစုံစမ်းဖော်ထုတ်ခဲ့ရာ ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း အကြမ်းဖက်သမားများအား သယ်ယူပို့ဆောင်ပေးခဲ့သည့် YGN EE-5830 Toyota Fielder အမျိုးအစား ခဲရောင် (အငှားယာဉ်) အား ဩဂုတ် ၄ ရက် ညပိုင်းတွင်

# မိုးကောင်းရတနာဆေးရုံအား ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်မှုဖြစ်စဉ်တွင် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေပြဇယား




ပါရမီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းမီးပွိုင့်၌ ယာဉ်မောင်းဖြစ်သူ ရွှေပြည်သာမြို့နယ် (၂၅) ရပ်ကွက် သံဖြူဆိုင်ဈေးလမ်းနေ သန်းနိုင် (၄၅) နှစ် (ဘ) ဦးကံလှနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အငှားယာဉ်မောင်း သန်းနိုင်၏ ထွက်ဆိုချက်အရ “မိုးကောင်းရတနာ” ကလေးဆေးရုံအား ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်မှုဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ခဲ့ပြီး အငှားယာဉ်ငှားရမ်း၍ အကြမ်းဖက်သမားများနှင့် ဖောက်ခွဲရေးပစ္စည်းများအား သယ်ယူပို့ဆောင်ပေးခဲ့သူ ရွှေပြည်သာမြို့နယ် (၂၅) ရပ်ကွက် ရှင်သန်ခြင်း(၂)လမ်း ဒေါ်လွင်လွင်သက်အဆောင် အခန်း(၂)တွင် ငှားရမ်းနေထိုင်သူ ဂျယ်လီ(ခ) အောင်သူလွင် (၂၉)နှစ် (ဘ) ဦးသန်းလွင်အား ဩဂုတ် ၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ၎င်းနေထိုင်ရာ အခန်းမှလည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုအား ကြီးကြပ်ချိတ်ဆက်ဆောင်ရွက်ပေးသူ ရွှေပြည်သာမြို့နယ် (၆) ရပ်ကွက်နေ မိုက်(ခ) ဇော်ကြီး (ခ)ဇော်မျိုးထွဋ် (၂၃) နှစ် (ဘ)ဦးမျိုးမြင့်အား ယင်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ၎င်းနေအိမ်၌လည်းကောင်း၊ ရှော့တိုက်ဒုံးများအား သိမ်းဆည်းထုပ်ပိုးပေးပို့ခဲ့သည့် ရွှေပြည်သာမြို့နယ် (ထ/၁၆) ရပ်ကွက်နေ ဒေါက်တာ ပြည့်ဖြိုးပိုင်(ခ) ကိုပြည့် (၂၇)နှစ် (ဘ) ဦးကျော်စိုးအား ယင်းနေ့ည ၈ နာရီ ၄၀ မိနစ်တွင် ၎င်းနေအိမ်အတွင်း၌ သိုဝှက်သိမ်းဆည်းထားသည့် ရှော့တိုက်ဒုံးကိုးလုံး၊ ပို့ကျည် (ဖျူးစ်)ကိုးလုံး၊ ရှော့တိုက်ဒုံးများအား ဝှက်သိမ်းသယ်ဆောင်လာသည့် သံပီပါအခွံနှစ်လုံး၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများတွင် အသုံးပြုသည့် ပုလဲဓာတ်မြေဩဇာ အိတ်လေးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်ရန် အခြေအနေစောင့်ကြပ်ကြည့်ရှု ပေးခဲ့သူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၂၁) ရပ်ကွက်နေ ပန်ဒါ (ခ) မင်းမင်းဦး (၂၇)နှစ် (ဘ)ဦးစိုးတင့်အား ဩဂုတ် ၇ ရက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ၎င်းနေအိမ်၌ အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ပြည့်ဖြိုးပိုင် (ခ) ကိုပြည့်၏ ထွက်ဆိုချက်အရ အကြမ်းဖက် လုပ်ငန်းများတွင် အသုံးပြုသည့် လက်နက်/ခဲယမ်းများအား ၎င်း၏နေအိမ်တွင် သိမ်းဆည်းထားကြောင်း ဆက်လက်ဖော်ထုတ်သိရှိရသဖြင့် ဩဂုတ် ၇ ရက် ည ၈ နာရီတွင် ၎င်း၏နေအိမ် အိပ်ခန်းအတွင်း ထပ်မံသွားရောက် ရှာဖွေခဲ့ရာ Sigsauer ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ Glock ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ပွိုင့်-၃၈၀ ကျည် ၇၅ တောင့်၊ ၉ မမ ကျည်အတောင့် ၅၀၊ အသံတိတ်ပြောင်းတစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားခံ မိုက်(ခ)ဇော်ကြီး (ခ) ဇော်မျိုးထွဋ်၏ ထွက်ဆိုချက်အရ ၎င်းသည် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော စောချမ်းဟိန်းထက်၊ စံဟိန်း(ခ) ဘသောင်း၊ ဆန်းထူးတို့နှင့်အတူ KNLA တပ်မဟာ(၁) နယ်မြေတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်း တက်ရောက်ခဲ့ပြီး People Force အမည်ခံ အကြမ်းဖက်အဖွဲ့အား တရားခံ စောချမ်းဟိန်းထက်က ဦးဆောင်၍ ဖွဲ့စည်းကာ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

“မိုးကောင်းရတနာ” ကလေးဆေးရုံအား ရှော့တိုက်ဒုံးဖြင့် အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်ရန်အတွက် KNLA တပ်မဟာ(၁) နယ်မြေတွင် တိမ်းရှောင်လျက်ရှိသည့် People Force အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ စောချမ်းဟိန်းထက်က ဖုန်း၊ Telegram တို့မှ ချိတ်ဆက်၍စေခိုင်းမှုဖြင့် ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် ရှော့တိုက်ဒုံးနှင့် ဆက်စပ်ပစ္စည်းများအား ဒေါက်တာ ပြည့်ဖြိုးပိုင် (ခ)ကိုပြည့်က ဖက်လုံးတစ်လုံးနှင့် ဂျပ်ဖာအသေး နှစ်လုံးအတွင်း ထည့်၍ လှော်ကားသင်္ချိုင်းအနီး ကားလမ်းဘေး၌ ကြိုတင်ချထားပေးခဲ့ကြောင်း၊ ဂျယ်လီ(ခ) အောင်သူလွင်က သန်းနိုင်မောင်းနှင်သော အငှားယာဉ်အား ငှားရမ်းကာ မိုက်(ခ) ဇော်ကြီး(ခ) ဇော်မျိုးထွဋ်နှင့်အတူ ဒေါက်တာ ပြည့်ဖြိုးပိုင်(ခ) ကိုပြည့် ကြိုတင်စီစဉ်ချထားပေးသည့် ရှော့တိုက်ဒုံးနှင့် ဆက်စပ်ပစ္စည်းများအား ယူဆောင်လာခဲ့ပြီး ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းမပေါ်၌ People Force အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် ဘန်ဘန်နှင့် အငယ်မတို့ နှစ်ဦးအား ဆက်လက်ခေါ်ဆောင်ကာ ရန်ကင်းမြို့နယ် “မိုးကောင်းရတနာ” ကလေးဆေးရုံအရှေ့ရှိ ဘောလုံးကွင်းဟောင်းဘေးဘောက်ထော်ဘုတာရုံလမ်းမပေါ်တွင် ယာဉ်အားရပ်တန့်ခဲ့ကာ ဂျယ်လီ(ခ) အောင်သူလွင်၊ သန်းနိုင်နှင့် မိုက်(ခ) ဇော်ကြီး(ခ) ဇော်မျိုးထွဋ်တို့သုံးဦးမှာ “YUMMY” စားသောက်ဆိုင်သို့ သွားရောက်ခဲ့ပြီး ဆိုင်အတွင်း၌ ကြိုတင်ရောက်ရှိနေသည့် ပစ်ခတ်တိုက်ခိုက်မှုကျူးလွန်ရန် အခြေအနေ စောင့်ကြည့်ပေးသူများဖြစ်ကြသည့် ပန်ဒါ(ခ) မင်းမင်းဦး၊ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သူ စောသက်တို့နှစ်ဦးနှင့် ချိတ်ဆက်ပူးပေါင်းခဲ့ကြောင်း၊ ဘန်ဘန်နှင့် အငယ်မတို့နှစ်ဦးမှာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ရန် အတွက် ယာဉ်ပေါ်တွင်သယ်ဆောင်လာသည့် ရှော့တိုက်ဒုံးနှင့်ဆက်စပ်ပစ္စည်းများ ယူဆောင်ကာ ဘောလုံးကွင်းအတွင်းသို့ အုတ်နံရံအားကျော်တက်ဝင်ရောက်ခဲ့ပြီး ဆေးရုံအား ပစ်ခတ်တိုက်ခိုက်မှု ကျူးလွန်ခဲ့ကြခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။ **စာမျက်နှာ ၁၆ သို့** ○


ဖြစ်စဉ်တွင် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။


ဖြစ်စဉ်တွင် သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


ဖြစ်စဉ်တွင် သိမ်းဆည်းရမိသည့် ရှော့တိုက်ဒုံး ကိုးလုံးနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၈-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၅၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၀၅ | ၂၃၈၅ | ၂၄၈၀ | ၂၄၉၅ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၃၅ | ၂၆၅၅ | ၂၉၃၀ |
| 95 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၀၅ | ၂၄၉၀ | ၂၄၇၀ | ၂၅၆၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၁၀ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၅ | ၂၉၁၀ | ၂၉၀၅ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၅ | ၂၈၄၅ | ၂၈၅၀ | ၃၀၆၅ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၄၀ | ၂၈၉၀ | ၂၈၈၅ | ၂၈၅၀ | ၂၈၈၅ | ၂၉၁၀ | ၂၉၀၅ | ၂၈၇၅ | ၂၉၈၅ | ၂၉၈၀ | ၂၈၈၀ | ၂၈၉၀ | ၂၉၂၅ | ၂၉၂၅ | ၂၉၂၅ | ၃၁၄၅ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၄၀ | ၂၈၉၀ | ၂၈၈၅ | ၂၈၅၀ | ၂၈၈၅ | ၂၉၁၀ | ၂၉၀၅ | ၂၈၇၅ | ၂၉၈၅ | ၂၉၈၀ | ၂၈၈၀ | ၂၈၉၀ | ၂၉၂၅ | ၂၉၂၅ | ၂၉၂၅ | ၃၁၄၅ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၄၄ | ၂၃၂၃ |
| 95 Ron | ၂၃၂၈ | ၂၄၀၈ |
| HSD (500 ppm) | ၂၆၄၅ | ၂၇၂၇ |
| HSD (50 ppm) | ၂၇၁၈ | ၂၈၀၂ |
| HSD (10 ppm) | ၂၇၁၈ | ၂၈၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❍ စာမျက်နှာ ၁၅ မှ

ဖြစ်စဉ်တွင် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှု ကျူးလွန်ခဲ့သူ တရားခံငါးဦးအား ရှော့တိုက်ဒုံးကိုးလုံး၊ ပို့ကျည် (ဖျူးစ်)ကိုးလုံး၊ Sigsauer ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ Glock ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ပွိုင့်-၃၈၀ ကျည် ၇၅ တောင့်၊ ၉ မမကျည် ၅၀ တောင့်၊ အသံတိပ်ပြောင်းတစ်ခု၊ ရှော့တိုက်ဒုံးများအား သိုဝှက်သယ်ဆောင်လာသည့် သံပီပါအခွံနှစ်လုံး၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများတွင် အသုံးပြုသည့် ပုလဲခေတ်မြေဩဇာအိတ်လေးလုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် People Force အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရွှေပြည်သာမြို့နယ်အတွင်းရှိ Myanmar Gi Gi စက်ရုံကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ လုံခြုံရေးကင်းစခန်း တစ်ခုကိုလည်းကောင်း၊ရွှေပြည်သာမြို့နယ်ရှိ ပရဟိတအသင်းကို လည်းကောင်း လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **သတင်းစဉ်**









**ရန်ကုန်တိုင်း ဒေသကြီး ရန်ကင်းမြို့နယ် "မိုးကောင်း ရတနာ" ကလေးဆေးရုံအား ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်မှ ပျက်စီးမှုနှင့် အခင်းဖြစ်နေရာမှ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ခဏတစ်ဖြုတ်ကလေးပဲဖြစ်ဖြစ် မြင်တွေ့လိုက်ချင်တယ်။ အဲဒီဆန္ဒသာ စိတ်ထဲမှာစောနေမိတယ်။ အကြောင်းကြောင်းတွေလည်း ရှိနေတာပေ့ါလေ။ လူတွေပြောပြောနေကြတာထက် ကိုယ်တိုင်ကိုယ်ကျတွေ့ပြီး မေးလိုက်ချင်တယ်။ ရက်စက်တယ်ဆိုတာတွေဟာ တကယ်လား၊ ဆိုးတယ်ဆိုတာတွေဟာ အမှန်ပဲလားဆိုတာမျိုးတွေပေ့ါ။ အမှန်ဆိုရင် ဝမ်းနည်းမယ်တော့ မဟုတ်ဘူး။ မမှန်ခဲ့ဘူးဆိုရင်တော့ ဝမ်းနည်းမိလိမ့်မယ်ထင်တယ်။ အေးလေ ကိုယ့်မှာက "မမှန်ခဲ့ပါဘူး" ဆိုတဲ့စကားကို လိုချင်တာနဲ့ပဲ ဒီလောက်အထိ တောင့်တနေမိသလားလည်း မသိပါဘူး"

"ဘာပဲပြောပြော မင့်မေမေကိုတော့ မမုန်းသင့်ဘူး အဲလစ်။ ဘာဖြစ်ခဲ့ဖြစ်ခဲ့။ ဆိုပါတော့လေ မင့်ဖေဖေကို သူ့လက်နဲ့ တကယ်သတ်ဖြတ်ခဲ့တယ်ထား၊ မမုန်းသင့်ဘူး။ စောစောကပြောသလို သူ့ဘက်မှာတော့ အဲဒီလိုလုပ်ဖို့ ခိုင်လုံတဲ့အကြောင်းတွေ ရှိနေတာအမှန်ပဲ"

"ကိုယ်က မေမေ့ကို မုန်းနိုင်အောင် ကြိုးစားနေတယ်လို့ ထင်သလားကိုမျိုး"

နွယ်နွယ်ထွန်းသည် မျိုးထွန်းသိန်း၏ မျက်နှာကို စေ့စေ့ကြည့်လာသည်။ မျိုးထွန်းသိန်းကလည်း သူ၏မျက်နှာကို ကြည့်နေခဲ့သည်။ နွယ်နွယ်ထွန်း၏မျက်နှာမှာ တစ်စုံတစ်ခုသောအကြောင်းကြောင့် တင်းမာနေသည်ဟု ထင်သည်။

"အဲဒီလိုတော့ မထင်ပါဘူး။ ထင်လည်း မထင်ချင်ဘူး။ ဒါပေမဲ့ ရေနံချောင်းက ပြန်လာပြီးတဲ့နောက် မင်းနဲ့ပတ်သက်လို့ မင်းမေမေက အားမရတာ အမှန်ပဲ။ သူ ကိုယ်တို့အိမ်ကို မင်းအရင်ရောက်ခဲ့သေးတယ်။ သူ့စကားတွေအရ ဒီအကြောင်းကို ကိုယ်တို့ ရိပ်မိလာတာပဲ။ သူဟာ မင်းကို အနှစ်နှစ်ဆယ်ကျော်စောင့်ခဲ့ရတာပါ။ အနှစ်နှစ်ဆယ်ကျော် မျှော်ခဲ့ရတာပါ။ သူ့အတွက် အဲဒီအတိုင်းအတာရဲ့ ဟိုဘက်ကစပြီး လူ့ဘဝဆိုတာ ဘယ်လိုအနှစ်သာရမှမရှိပါကလားလို့ ထင်ထားခဲ့တာ။ သမီးဆိုတဲ့ မျှော်လင့်ချက်နဲ့ အနှစ်နှစ်ဆယ်ကျော် လူ့ဘဝမှာဆက်ပြီး အသက်ရှင်နေခဲ့ရတဲ့ မိန်းမကြီးတစ်ယောက်ပါ အဲလစ်"

နွယ်နွယ်ထွန်း၏မျက်ဝန်းများသည် တောက်ပလာသည်။ စင်စစ် မျက်နှာထားတင်းမာလာသည်ဆိုခြင်းမှာ တက်ကြွမှုတစ်ခုကြောင့်ဖြစ်ကြောင်း တွေ့လာရသည်။

"ဒါကို ကိုယ်နားလည်ခဲ့ပါတယ် ကိုမျိုး။ ကိုယ်ဟာ မေမေ့ကို မုန်းဖို့ကြိုးစားနေတာ မဟုတ်ဘူး။ ရုတ်တရက် မိခင်သစ်တစ်ယောက် ပေါ်ပေါက်လာတယ်။ အဲဒီမိခင်သစ်ဟာ ကိုယ့်အတွက် စိမ်းနေသေးတဲ့ မိခင်သာဖြစ်တယ်။ တစ်ခါ ဘဝင်မကျနိုင်စရာအကြောင်းကိစ္စတွေကလည်း ရှိနေသေးတယ်။ ဒီတော့ ကိုယ်တို့ဟာ သားအမိအရင်းဆိုပေမဲ့ ဆက်လက်သူစိမ်းဆန်နေကြတုန်းပဲ ရှိသေးတယ်။ တစ်ယောက်ကိုတစ်ယောက် နားလည်နိုင်ဖို့ မနည်းကြိုးစားရဦးမယ်။ အမှန်တော့ ကိုယ်ဟာ မေမေ ဒေါ်ရေနံ့သာခင်ခင်ကြီးကို မုန်းဖို့ကြိုးစားမနေတာ အမှန်ပါ။ ပိုပြီးနားလည်အောင်၊ ပိုပြီး ရင်းနှီးနိုင်အောင် အတိတ်ကို ပြန်လည်တူးဖော်နေတာပါ ကိုမျိုး။ ဒါပေမဲ့ အခုလောလောဆယ်အထိ ကိုယ်ဖြစ်စေချင်တာတွေ ဖြစ်မလာသေးဘူးဆိုတာ ဝန်ခံပါတယ်။ တကယ်တော့ ကိုယ်တို့ချင်း ရင်ကြားစေ့လို့ရမယ့်အဖြစ်ကို ကိုယ် အများကြီး တောင့်တနေမိပါတယ်ကွယ်"

x x x x x

[ ၃ ]

**"ဟိုကမ်းပါးယံ တောင်ထက်က မယ်ဇက်ကယ့် ခေါ်ယောင်၊ ရွှေဖိုးခေါင်၊ လွမ်းအောင်ခုနော်၊ လွမ်းချင်းငယ်ပေါ် ကြွေးကြော်သံရင့်ကျူးတယ် ကျူးတယ်၊ ကျူးတယ် ကျူးတယ်လေးတော့...အဝေး"**

သာယာချိုအေးသော တေးသံကလေးသည် ပျံ့လွင့်လာသည်။ တေးသံနှင့်အတူ ကလေးတစ်ယောက်၏ ငိုသံကလည်း စူးစူးဝါးဝါး ပေါ်လာလျက်ရှိသည်။

"တိတ်ပါသားရယ်၊ တိတ်ပါ။ မေမေ သီချင်းဆိုပြမယ်နော်" ဆိုကာ သီချင်းကို ထပ်ကျော့သီဆိုလိုက်ပြန်သည်။ ကလေးသည် တော်တော်နှင့် အငိုမတိတ်၊ သီချင်း သုံးလေးပိုဒ်သို့ ရောက်ခါမှပင် အငိုတိတ်သွားသည်။ အိပ်ပျော်သွားဟန်တူသည်။

သီချင်းသံတိတ်သွားသည်နှင့် မရှေးမနှောင်းမှာပင် လက်ခုပ်တီးသံ ပေါ်လာသည်။

မျိုးထွန်းသိန်းသည် ပုန်းကွယ်နေရာမှ ထွက်လာသည်။

"ကြည့်စမ်း သူများကလေးချော့ရင်း သီချင်းဆိုနေတာ ချောင်းနားထောင်တယ်ပေ့ါလေ"

နန်းကိန္နရီသည် ရုတ်တရက် မြင်လိုက်ရသော မျိုးထွန်းသိန်းကို မကျေနပ်ဟန်ကလေးဖြင့် ကြည့်ကာ ဆီးကြိုအပစ်တင်လိုက်သည်။

"ကိုယ့်မိန်းမက အသံမဆိုးဘူးဟေ့၊ အငြိမ့်မင်းသမီးလုပ်စားဖို့ ကောင်းတယ်"

မျိုးထွန်းသိန်းက နန်းကိန္နရီ၏ ကိုယ်ကို ရင်ခွင်အတွင်း ဆွဲယူလိုက်သည်။

"ဟုတ်တယ်၊ အရီက အငြိမ့်မင်းသမီးလုပ်၊ မောင်က လူပြက်လုပ်မယ်လေ၊ ဖြစ်တယ် မဟုတ်လား"

ရယ်သံများ ပေါ်လာသည်။ နန်းကိန္နရီက တစ်စုံတစ်ခုကို သတိရမိသလို ရုတ်တရက် အရယ်ရပ်ကာ နှုတ်ခမ်းတွင် လက်ညှိုးတေ့လျက် "ရှူး" ဟု လေသံပြုသည်။ "သား အခုတင်အိပ်တယ်။ နိုးသွားဦးမယ်" ဆိုသည်။ တစ်ဆက်တည်းမှာလည်း "မောင် ဘယ်တုန်းကရောက်နေတာလဲဟင်" မေးသည်။

"မောင် အစောကြီးကတည်းကရောက်နေတာ၊ ရီသီချင်းဆိုတာကို နားထောင်နေတာ"

"သူ သိပ်ညစ်ပတ်တာပဲ။ ကလေးတော့ ကူသိပ်ပေးဖော်မရဘူး"

"မောင် အကဲခတ်နေတာ။ ရီ့မှာ အရည်အချင်းပြည့်ဝမှု ရှိမရှိပေ့ါ "

" ဒီတော့ ဘယ်လိုထင်သလဲဟင်"

"မဆိုးပါဘူး။ ကလေးအိပ်အောင် သိပ်တတ်တဲ့ ပညာတွေတတ်နေပြီ"

"မောင့်သားကို တစ်ခါတစ်ခါ အိပ်အောင် သိပ်ရတာ မလွယ်ဘူး။ အတော်ခေါင်းမာတဲ့ကလေး၊ ဖအေတူမို့ ထင်တယ် "

"ဘုရားပေးပေး ကျမ်းပေးပေးပါ ရီရယ်။ မောင် ခေါင်းမမာတာ အမှန်ပါ။ ဖြစ်ခြင်းဖြစ်ရင် မအေတူလို့နေမှာပါ"

"ထားပါ။ ထားပါ။ ရီတို့က ဆွေနဲ့မျိုးနဲ့ ခေါင်းမာလာတာ မဟုတ်လား။ ကိုကိုဦးဆိုတဲ့ နာမည်ယူထားမှ ဒီလောက်တော့ ခေါင်းမာမှာပေ့ါ မဟုတ်လား"

နန်းကိန္နရီက ကိုကိုဦးအမည်ကို မောင်မောင်ဦးနှင့်နွယ်လျက် ပြောလိုက်ခြင်းဖြစ်သည်။ မျိုးထွန်းသိန်းက သဘောပေါက်သွားသလို ရယ်လိုက်သည်။

"မောင် ဒီကနေ့ အိမ်ပြန်နောက်ကျတယ်"

မျိုးထွန်းသိန်း၏ တိုက်ပုံအင်္ကျီကို ကူ၍ချွတ်ပေးရင်း နန်းကိန္နရီက ဆိုသည်။

"ဟုတ်တယ်။ စောစောကတည်းက အဲလစ်လာပြီး ချောဆွဲသွားလို့"

"ဘယ်တွေရောက်ခဲ့သလဲဟင်"

"သူ့ ဖေဖေ အုတ်ဂူကိုပါ"

"ဪ"

နန်းကိန္နရီသည် ဆက်လက် မေးမြန်းခြင်း မပြုတော့ပေ။

အခါတိုင်းကလည်း သည်သို့ပင် ဖြစ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ပတ်သက်သော အကြောင်းတို့ကို စလိုက်လေတိုင်း နန်းကိန္နရီသည် နှုတ်ဆိတ်သွားတတ်မြဲ ဖြစ်ခဲ့သည်။ အဲလစ်နှင့်ပတ်သက်၍ပင်ဖြစ်စေ လူအများတို့ ဝိုင်းဖွဲ့ပြောလာကြပြီဆိုလျှင် နန်းကိန္နရီသည် စကားဝိုင်းမှ ဖဲကြဉ်သွားတတ်မြဲဖြစ်လေသည်။ နန်းကိန္နရီသည် ယင်းအကြောင်းများအပေါ် စိတ်မဝင်စားနိုင်အောင် ရှိရသည်မျိုးတော့ မဟုတ်။ သူသည် ယင်းအကြောင်းတို့နှင့် မပတ်သက်ချင်သောသဘောမျိုး ဖြစ်လိမ့်မည် ထင်ရသည်။

အမှန်တွင်လည်း သည်အကြောင်းတို့ကို စမိပြီဆိုလေတိုင်း မလွဲမကင်းသာ ဦးကောင်းမိုး၏ အကြောင်းသည်လည်းကောင်း၊ မခင်သန်းနွဲ့၏ အမည်သည်လည်းကောင်း ပါဝင်လာတတ်မြဲဖြစ်လေသည်။ ကိုမောင်မောင်ဦး၏ အမည်သည်လည်း သည်အထဲမှာ မလွဲမသွေ ပါဝင်လာရလေသည်။ စင်စစ် သည်လူတွေနှင့် ပတ်သက်လာလေသော အကြောင်းတို့ကလည်း အကောင်းဟူ၍ မရှိခဲ့။ အစဉ်လိုဆိုးရွားယုတ်မာသည့်သဘောသို့သက်ရောက်လျက်ရှိသည် အမှန်ပင်။ တွက်ကြည့်မည်ဆိုပါက နန်းကိန္နရီသည် သည်အနွယ်၏ အထီးတည်းသော သွေးသားရင်းချာဖြစ်သည်။ အထီးတည်းသော အနွယ်အဆက်ဖြစ်သည်။

သည်ဘက်က လူတွေနှင့် သွေးသားတော်ရခြင်းမှာ အရှုံးဘက်က ရပ်တည်ရသည်နှင့် တူနေသည်။ စကားစလိုက်လေပြီဆိုသည်နှင့် တစ်ပြိုင်နက် သည်လူသိုက်၏ မကောင်းမှုသည် ပါဝင်လာရမြဲဖြစ်လေသည်။

ထို့ကြောင့်ပင် နန်းကိန္နရီသည် စကားဝိုင်းများမှ ဖဲကြဉ်ခဲ့မိခြင်း ဖြစ်သည်။ ရှောင်မိခြင်း ဖြစ်မည်။

အကယ်၍ မျိုးထွန်းသိန်းဟူသော အတွယ်အတာ တစ်ရပ်သာ မရှိခဲ့ပါက နန်းကိန္နရီသည် သည်အသိုင်းအဝန်း သည်ဝန်းကျင်ကို ထာဝရ လွဲဖယ်ရှောင်တိမ်းနေခဲ့မိမည် ဖြစ်သည်။ ရှောင်လည်း အရှောင်ခဲ့မိလေသား။

မော်တော်ကားမှောက်၍ ဒဏ်ရာရပြီး ဆေးရုံတက်ရသည်။ ဆေးရုံမှနေ၍ သတင်းစကားမျိုးစုံကို ကြားခဲ့ရသည်။ ကိုမောင်မောင်ဦး အသတ်ခံရခြင်းများ၊ ဒေါ်ရေနံ့သာခင်ခင်ကြီး အဖမ်းခံရခြင်းများ၊ ဦးကျော်ထွန်းတို့မှတစ်ဆင့် အဲလစ်ခေါ် နွယ်နွယ်ထွန်းနှင့် အဆက်အသွယ်ရခဲ့ခြင်းများကို နန်းကိန္နရီ ကြားခဲ့ရသည်။ သည်စဉ်ကပင် နန်းကိန္နရီ ဆုံးဖြတ်ချက်ချခဲ့သည်။ ဆေးရုံမှဆင်းလျှင် ရေနံ့သာသို့ မည်သည့်နည်းနှင့်မျှ ပြန်မသွားတော့ဟု သန္နိဋ္ဌာန်ချခဲ့သည်။ ယင်းနှင့်အညီ ဆေးရုံမှဆင်းသောအခါ သူသည် အငြိမ့်ထောင်ဆရာ ဦးမြတ်စံ၏အိမ်သို့ လာခဲ့သည်။ အငြိမ့်ပြန်ကဖို့ ကြိုးစားသည်။

ဦးမြတ်စံတို့ကလည်း နန်းကိန္နရီ ပြန်လာသည်ကို ဝမ်းသာအားရကြိုဆိုခဲ့သည်ပင် ဖြစ်ပါသည်။ သူတို့ ခေါင်းဆောင်အဖြစ် တင်ထားသော မင်းသမီးများမှာ မစွံခဲ့။ တစ်နှစ်တစ်ယောက်လောက် ပြောင်း၍ ကနေရသည်။ အငြိမ့်အဖွဲ့မှာ လူဟောင်းများ မရှိတော့ဘဲ အကွဲကွဲအပြားပြား ဖြစ်နေရသည်။ ဖရိုဖရဲဖြစ်နေသည်။ နန်းကိန္နရီ ပြန်ရောက်လာသည့်အတွက် အားလုံးက ဝမ်းသာခဲ့ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**" နွယ်နွယ်ထွန်း၏မျက်ဝန်းများသည် တောက်ပလာသည်။ စင်စစ် မျက်နှာထားတင်းမာလာသည်ဆိုခြင်းမှာ တက်ကြွမှုတစ်ခုကြောင့် ဖြစ်ကြောင်း တွေ့လာရသည်။ "ဒါကို ကိုယ်နားလည်ခဲ့ပါတယ် ကိုမျိုး။ ကိုယ်ဟာ မေမေ့ကို မုန်းဖို့ကြိုးစားနေတာ မဟုတ်ဘူး။ ရုတ်တရက် မိခင်သစ်တစ်ယောက် ပေါ်ပေါက်လာတယ်။ အဲဒီမိခင်သစ်ဟာ ကိုယ့်အတွက် စိမ်းနေသေးတဲ့ မိခင်သာဖြစ်တယ်။ တစ်ခါ ဘဝင်မကျနိုင်စရာ အကြောင်းကိစ္စတွေကလည်း ရှိနေသေးတယ်။ ဒီတော့ ကိုယ်တို့ဟာ သားအမိအရင်းဆိုပေမဲ့ ဆက်လက်သူစိမ်းဆန်နေကြတုန်းပဲ ရှိသေးတယ်။ တစ်ယောက်ကိုတစ်ယောက် နားလည်နိုင်ဖို့ မနည်းကြိုးစားရဦးမယ်။ အမှန်တော့ ကိုယ်ဟာ . . . "**

# ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် ဩဂုတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၀ – ၈ – ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၄) တွင် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် စတင်တည်ထောင်ခဲ့သည့် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် စာပေဗိမာန်သမိုင်းကြောင်းနှင့် စာပေဗိမာန်သည် ပြည်သူများအတွက် အသိဉာဏ်ပညာကို လင်းဖြာအောင် ဆောင်ရွက်ပေးနေပုံတို့ကို တင်ဆက်ထားသည့် "(၇၅) နှစ်ပြည့် စိန်ရတု စာပေဗိမာန်" မျက်နှာဖုံးဇာတ်လမ်း၊ လူသုံးကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် စက္ကူ၏ အရေးပါပုံ၊ အသုံးဝင်ပုံနှင့် ပြုလုပ်ပုံများ အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "စက္ကူ" သုတ ဆောင်းပါး၊ ကျန်းမာရေးအတွက် လမ်းလျှောက် လေ့ကျင့်ခန်းလုပ်သင့်ပုံနှင့် သင့်တင့်မျှတသော အစားအစာများကို စားသုံးသင့်ကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ အစ်ကိုဖြစ်သူက ညီမလေးကို ညှာတာသည့်အနေဖြင့် ပဟေဠိဖွက်၍ အစားအစာများ ပိုကျွေးသည်ကို တင်ဆက်ထားသည့် "လူလည်ကျတာ မဟုတ်ရပါ" နှစ်မျက်နှာကာတွန်း၊ ကြွက်လေးသည် သူ၏အမှားကို သိရှိပြီး မာနထောင်လွှားခြင်းမပြုတော့ဘဲ မြင်းနှင့် မိတ်ဆွေဖွဲ့ကာ အတူတကွ ချစ်ခင်စွာ နေထိုင်သည့်အကြောင်းကို တင်ဆက်ထားသည့် "မာနဆိုတာ" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းနှင့်အတူ ရွှေသွေးစာစောင်ဖတ်ချင်သည့်အကြောင်းကို တင်ဆက်ထားသည့် "ဖိုးဇော်" မျက်နှာဝက်ကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍ၊ ပုံပြင်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❂ **မန်ယူမှ**

ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို အကြိမ် (၂၀) အထိရယူဆွတ်ခူးထားနိုင်ခဲ့တဲ့ မန်ယူအသင်းဟာ နည်းပြအဲရစ်တန်ဟက် လက်ထက် ယခုဘောလုံးရာသီရဲ့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်နှစ်ပွဲစလုံးမှာ ရှုံးပွဲကြုံခဲ့ရတာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေခဲ့တာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ၂၀၁၃ ခုနှစ်အတွင်းက ဂန္ထဝင်နည်းပြ ဆာအဲလက်စ်ဖာဂူဆန် နည်းပြဘဝကနေ အနားယူသွားခဲ့ပြီးနောက် ရုန်းကန်ခဲ့ရပြီး ၂၀၁၇ ခုနှစ်နောက်ပိုင်း ဆုဖလားတစ်ကြိမ်မှ ရယူနိုင်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## အနုပညာ




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ အဖွဲ့ရဲ့ တေးသီချင်းသစ် ထုတ်လွှင့်မှုအတွက် ရည်ရွယ်ကာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ မြို့ကြီးအချို့မှာ ပန်းရောင်နဲ့ အလှဆင်တာတွေ ပြုလုပ်မှာဖြစ်တယ်လို့ အောကေပေ့ါပ်ဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BLACKPINK ရဲ့ တေးသီချင်းသစ် Pink Venom ကို ယခုသီတင်းပတ်အကုန်မှာ စတင်ထုတ်လွှင့်ဖို့ရာ စီစဉ်ထားပြီး အဆိုပါတေးသီချင်းအတွက် အကြိုလှုပ်ရှားမှုတစ်ခုအဖြစ် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ မြို့ကြီးအချို့မှာ ပန်းရောင်မီးတွေနဲ့ အလှဆင်တာတွေ ပြုလုပ်ဖို့ စီစဉ်ထားတာပါ။ Light Up The Pink လို့ အမည်ပေးထားတဲ့ လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆိုးလ်၊ တိုကျို၊ ရှန်ဟိုင်း၊ ဘန်ကောက်၊ နယူးယောက်နဲ့ လော့စ်အိန်ဂျလိစ်မှာ ပန်းရောင်မီးတွေထွန်းကာ တေးသီချင်း ထုတ်လွှင့်မှုကို ကြိုဆိုမှာဖြစ်ပါတယ်။

အဆိုပါ တေးသီချင်း Pink Venom ဟာ အဖွဲ့ရဲ့ ဒုတိယမြောက် တေးအယ်လ်ဘမ် Born Pink မှာ ပါဝင်မယ့် တေးသီချင်းလည်း ဖြစ်ပါတယ်။ ယင်းတေးသီချင်းသစ်ကို ဩဂုတ် ၁၉ ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်တယ်လို့ သိရပါတယ်။

❖

### ဘန်အက်ဖ်လက်ခ်ရဲ့ မွေးနေ့ပါတီကို နယူးယောက်မှာ ကျင်းပ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲ တစ်တွဲဖြစ်တဲ့ တေးသံရှင် ဂျနီဖာလိုပက်ဇ်နဲ့ မင်းသား ဘန်အက်ဖ်လက်ခ်တို့ဟာ တစ်ကျော့ပြန်လက်တွဲခဲ့ကြသူတွေပါ။ လတ်တလော ကျရောက်ခဲ့တဲ့ မင်းသားကြီးရဲ့ အသက် ၅၀ ပြည့်မွေးနေ့မှာတော့ ဂျနီဖာလိုပက်ဇ်က သူ့အတွက် မွေးနေ့ပါတီကို နယူးယောက်မှာ ပြုလုပ်ပေးခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒွေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဩဂုတ် ၁၅ ရက်ဟာ ဘန်ရဲ့ မွေးနေ့ပါ။ ယခုနှစ်မှာ ကျရောက်တဲ့ သူ့ရဲ့ အသက် ၅၀ ပြည့်မွေးနေ့မှာတော့ ဂျနီဖာလိုပက်ဇ်က ခင်ပွန်းဖြစ်သူနဲ့အတူရှိနေခဲ့ပြီး သူတို့နဲ့အတူ ရင်သွေးလေးတွေလည်း အတူရှိနေခဲ့တဲ့ ပျော်ရွှင်စရာမွေးနေ့တစ်ခုဖြစ်ခဲ့ပါတယ်။

ဂျနီဖာလိုပက်ဇ်နဲ့ ဘန်အက်ဖ်လက်ခ်တို့ဟာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ ဇူလိုင် ၁၆ ရက်က လက်စ်ဗီးဂတ်စ်မှာ မင်္ဂလာအခမ်းအနားကျင်းပကာ ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ဒုတိယမြောက် မင်္ဂလာပွဲကိုတော့ ဂျော်ဂျီယာမှာရှိတဲ့ ဘန်ရဲ့ နေအိမ်မှာ ပြုလုပ်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

### ဂွန်ဟိုဂျင် လာမယ့်အောက်တိုဘာလအတွင်း လက်ထပ်မည်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဂွန်ဟိုဂျင်ဟာ သူ့ရဲ့ချစ်သူ ကိုရီးယား–အမေရိကန် အဆိုတော်ကီဗင်အိုးနဲ့ လာမယ့်အောက်တိုဘာလအတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း စွန်ပီဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂွန်ဟိုဂျင်နဲ့ကီဗင်အိုးတို့ဟာ လာမယ့်အောက်တိုဘာလ အတွင်း နယူးယောက်မှာ လက်ထပ်ဖို့ရာ စီစဉ်ထားကြောင်း လတ်တလောမှာ သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။

သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကိုတော့ အကျဉ်းသာ ကျင်းပဖို့ စီစဉ်ထားတယ်လို့လည်း သိရပါတယ်။

အဆိုပါ သတင်းနဲ့ပတ်သက်ပြီး ဂွန်ဟိုဂျင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဘက်ကလည်း အတည်ပြုခဲ့ပါတယ်။ မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး ကီဗင်အိုးကလည်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တရားဝင်ရေးသားဖော်ပြခဲ့ပါတယ်။

**အေးပြည့်**
**ရေးသားသည်**

"ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၃၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက် [ဟောင်ကောင်ပုံစံ (၂)လွှာတစ်စုံ] အဆောက်အဦ၏ မြေဂရန်အပါအဝင် မြေညီထပ်၊ ပထမထပ်တိုက်ကိုမျက်နှာမူပါက ဘယ်ဘက်(ခေါင်းရင်းခြမ်း) တိုက်ခန်း(၄)ခန်းနှင့်ပတ်သက်၍ ဒေါ်ချောစုနှင့် အများသိစေရန် ကြေညာခြင်း"

အထက်ရည်ညွှန်းပါ မြေဂရန်အပါအဝင် မြေညီထပ်နှင့် ပထမထပ်တိုက်ခန်း (၄)ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေဆွေ(ခ)ဒေါ်ခင်ဆွေမြင့် [၁၂/လမတ(နိုင်)၀၁၅၉၈၆] အပါအဝင် အမွေဆိုင်တိုက်ခန်းများဖြစ်ပါသည်။ အဆိုပါ မြေဂရန်နှင့် တိုက်ခန်းများကို ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ တစ်စုံတစ်ရာမပြုရန်နှင့် ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေ(ခ)ဒေါ်ခင်ဆွေမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းဝင်းခိုင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၁၇)၊**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၆၅၉၃၉**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် အောင်ကျော်သူ [၁၂/ဥကတ(နိုင်)၁၇၂၆၈၀]၏ PSC & RB စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph–09–699302602**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ တိုက်အမှတ်(၂၁၈)၊ မြေညီထပ် (ထပ်ခိုးအပြည့်ပါ)၊ အကျယ်အဝန်း (၁၂ပေx၆၀ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးကျော်စွာထွန်း[၁၂/ကတတ(နိုင်)၀၂၂၀၇၉]၊ ဒေါ်မေသန္တာထွန်း [၁၂/မဂတ(နိုင်)၀၈၇၇၇၁]နှင့် ဒေါ်မေသဇင်ထွန်း[၁၂/မဂတ(နိုင်)၀၉၅၅၃၄]တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်လတ် [၁၂/သဃက(နိုင်)၁၃၈၃၄၅]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းသီတာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၇၂၀)**
**အမှတ်–၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း ၀၉–၅၀၈၈၆၀၅၊ ၀၉–၇၅၉၂၆၀၂၇၇**



### သာစည်မြို့နယ်၌ ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**သာစည် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧကချင်းအထွက်နှုန်းကောင်းမွန်စေရေး အထူးဇုန်ဧကေ ၁၀၀ အတွက် တောင်သူများထံ ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပြီး ဓာတ်မြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြကို ယနေ့နံနက် ၈ နာရီက မကျီးကန်အုပ်စု တောင်သူ ဦးဝင်းဌေး၏ ဝါစိုက်ကွင်း၌ ပြုလုပ်သည်။

**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်၊ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် တာဝန်ရှိသူများက ဝါစိုက်တစ်ဧကလျှင် ဓာတ်မြေဩဇာ တစ်အိတ်နှုန်းဖြင့် တောင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသူများက ဓာတ်မြေဩဇာ လက်တွေ့ထည့်သွင်းပြသမှုကို ကြည့်ရှုလေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဌေးဌေးက တောင်သူများ အကျိုးရှိစေရန် အထွက်ကောင်းမျိုးများအကြောင်း၊ အထွက်ကောင်းစေရန် ထောက်ပံ့ပေးမှုများနှင့် စတင်စိုက်ပျိုးချိန်မှစ၍ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းစိုက်ပျိုးပြီး လက်တွေ့နည်းပညာပေးခြင်းများ၊ သင်တန်းပေးခြင်းများနှင့်ဓာတ်မြေဩဇာစနစ်တကျထည့်သွင်းခြင်းအကြောင်းစသည်ဖြင့် အထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) နေပြည်တော် အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။
(ခ) မြစ်ကြီးနားမြို့ တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) တောင်ကြီးမြို့ တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) နမ့်စန်မြို့ နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) မော်လမြိုင်မြို့ အထက၊ ရွှေနတ်တောင်။
(ဇ) မြိတ်မြို့ တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။
(ည) ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) အမ်းမြို့ တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) မုံရွာမြို့ အထက(၂)၊ အလုံတပ်မြို့။
(ဍ) မန္တလေးမြို့ တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။
(ဎ) တောင်ငူမြို့ တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး ဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့် လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံး အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့် လုပ်ဆောင်ချက်တွေ မလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## မန်ယူအသင်းကို ဗြိတိန်ဘီလျံနာ ဂျင်ရက်ကလစ်ဖ် ဝယ်ယူမည်

ဗြိတိန်ဘီလျံနာ ဂျင်ရက်ကလစ်ဖ်ဟာ မန်ယူအသင်းကို ဝယ်ယူသွားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။ ဂလေဇာမိသားစုက မန်ယူအသင်းမှာ ထည့်ဝင်ထားတဲ့ အစုရှယ်ယာအနည်းငယ်ကို ရောင်းချသွားမယ်ဆိုတဲ့ သတင်းကို ဘလွန်းဘာ့ဂ်သတင်းဌာနက သတင်းဖော်ပြခဲ့ပြီးနောက် အသက် ၆၉ နှစ်အရွယ်ရှိ ဗြိတိန်ဘီလျံနာ ဂျင်ရက်ကလစ်ဖ်က မန်ယူအသင်းကို ဝယ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတဲ့သတင်း ထပ်မံထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းကို ရောင်းချမယ်ဆိုရင် ဗြိတိန်ဘီလျံနာ ဂျင်ရက်ကလစ်ဖ်ဟာ မန်ယူအသင်းကို ဝယ်ယူဖို့ အလားအလာအရှိဆုံးဖြစ်တယ်ဆိုတာ သေချာတဲ့အကြောင်းလည်း ဂျင်ရက်ကလစ်ဖ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက သည်တိုင်းမ်သတင်းဌာနသို့ ပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✪












ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် “မိုးကောင်းရတနာ”ကလေးဆေးရုံအား ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံ ငါးဦး(ဝဲမှယာ) မိုက်(ခ)ဇော်ကြီး(ခ)ဇော်မျိုးထွဋ်၊ ဒေါက်တာပြည့်ဖြိုးပိုင်(ခ)ကိုပြည့်၊ ဂျယ်လီ(ခ)အောင်သူလွင်၊ ပန်ဒါ(ခ)မင်းမင်းဦး (စောင့်ကြည့်ပေးသူ)၊ သန်းနိုင်(အငှားယာဉ်မောင်း)နှင့် သိမ်းဆည်းရမိသည့် ရှော့တိုက်ဒုံးများ၏ မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ “မိုးကောင်းရတနာ”ကလေးဆေးရုံအား ရှော့တိုက်ဒုံးဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်တွင် ပူးပေါင်းပါဝင်သူ အကြမ်းဖက်သမား ငါးဦးအား ရှော့တိုက်ဒုံးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဩဂုတ် ၁၈

၂၀၂၂ ခုနှစ် ဇူလိုင် ၂၁ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၅)ရပ်ကွက် မိုးကောင်းလမ်းရှိ “မိုးကောင်းရတနာ”ကလေးဆေးရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးရုံပတ်ဝန်းကျင်အား အသေးစိတ်စစ်ဆေးရှာဖွေခြင်းများ ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများက ကလေးဆေးရုံအား ဆေးရုံအရှေ့ လမ်းတစ်ဖက်ခြမ်းရှိ ဘောလုံးကွင်းဟောင်းအတွင်းမှ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြို့ဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁၈

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြို့ဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✳

**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၆၉၃၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၂

**ကမ္ဘောဒီးယားအစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၇၄၄ သန်း ပေးအပ်ပြီးဖြစ်**

စာမျက်နှာ » ၁၃